
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ မတ်လ – ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/–)ကျပ်

❑ **ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊
ရတနာမြိုင်လမ်း၊ (၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

❑ **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်–၁ရ၁၊ ၃၃–လမ်း၊ ကျောက်တံတားမြို့နယ်။

❑ **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

❑ **ပြည်လုံးကျွတ်ဖြန့်ချိရေး**
**ရဲရင့်အောင်စာပေ**
အမှတ်–၄၉၊ မှန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
မှော်ကေရီ
တစ္ဆေမယား/မှော်ကေရီ–ရန်ကုန်။
သင်းစာပေ၊ ၂၀၁၃။
၁၄၂–စာ၊ ၁၃ × ၂၀ စင်တီ။
(၁) တစ္ဆေမယား

www.burmeseclassic.com

www.burmeseclassic.com



သို့

ဆရာမ မေ့ာ်ကေရီ ...

ဆရာမဖွင့်လှစ်ထားတဲ့ ဝတ္ထုတိုပြိုင်ပွဲကလျှာလေးကို ကျွန်တော်အရမ်းစိတ်ဝင်စားပါတယ်။ အခုလို ကျွန်တော်ရေးခြင်းဟာ ဆုရလိုတဲ့ဆန္ဒကြောင့် မဟုတ်သလို၊ ယှဉ်ပြိုင်ခြင်းသာ ပဓာနလို့ခံယူမိခြင်းလည်း မဟုတ်ပါဘူး ... ကျွန်တော့်ရင်ထဲမှာ စွဲစွဲမြဲမြဲတင်ကျန်နေခဲ့တဲ့ ကျွန်တော်တို့မြို့က အဖြစ်အပျက်လေးတစ်ခုကို ကျွန်တော့်နည်းတူ အများသူငှာခံစားသိရှိစေချင်တဲ့ စေတနာသီးသန့်နဲ့ရေးရခြင်းဆိုတာ ဦးစွာပထမဝန်ခံပါရစေ ... ဇာတ်လမ်းအကျဉ်းဆိုပေမယ့် လက်တွေ့ဖြစ်ရပ်လေးပါ။ သာမန်ထက်နည်းနည်း ပိုထူးလို့ အခုလိုချပြလိုက်ရပါတယ်ခင်ဗျာ။

ကျွန်တော်တို့မြို့မှာ သီးနှံပွဲရုံလုပ်ငန်းနဲ့ စီးပွားရေးအထိုက်အလျောက်အောင်မြင်နေတဲ့ ဘွဲ့ရပညာတတ်မောင်နှမနှစ်ယောက်ရှိပါတယ်။ အစ်ကိုကြီးနာမည်က ကိုသက်ဦးတဲ့။ ညီမလေးနာမည်ကတော့ မမေသက်စံလို့ခေါ်ပါတယ်။ သူတို့မောင်နှမနှစ်ယောက်ဟာ တစ်ယောက်ကိုတစ်ယောက် သိပ်ကိုသံယောဇဉ်ရှိကြပါတယ် ... ငယ်ငယ်ကတည်းက မိဘတွေဆုံးပါးသွားခဲ့လို့လည်း သူတို့နှစ်ယောက်ရဲ့ သံယောဇဉ်ဟာ ပိုမိုခိုင်မာရတယ်ထင်ပါတယ် ... နှစ်ယောက်စလုံး စိတ်ထဲမှာ အိမ်ထောင်မပြုကြတော့ဘဲ ဒီအစ်ကို၊ ဒီညီမပဲ ဘဝကို အတင့်တယ်အအောင်မြင်ဆုံးဖြစ်အောင် တည်ဆောက်ကြဖို့ ရည်ရွယ်ချက်တူကြပါတယ် ...

အဲဒီလိုနေလာရင်းက အစ်ကိုကြီးကိုသက်ဦးဟာ အသက်သုံးဆယ်အရွယ်ရောက်တော့ စိတ်ကူးတစ်မျိုးပြောင်းသွားပါတယ်။ သူ့အနေနဲ့ ယောကျ်ား

www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်တော့ ဘဝရှေ့ခရီးမှာ ဒေါင်ကျကျ ပြားကျကျရင်ဆိုင်ဖြတ်သန်းလို့တင့်တယ်ပေမယ့် ... ညီမလေးအတွက်ကျတော့ အလံမရှိတဲ့ရထား မတင့်တယ်။ လင်မရှိတဲ့ မိန်းမ မတင့်တယ်နိုင်ဘူးဆိုတဲ့ အသိနဲ့ညီမဖြစ်သူ မမေသက်စံကို သူ့သူငယ်ချင်း လုပ်ငန်းရှင်တစ်ယောက်နဲ့ လက်ဆက်ထိမ်းမြားဖို့ စိတ်ကူးရတယ်။ ညီမလေးကလည်း ယောက်ျားယူဖို့စိတ်ဆန္ဒမရှိပေမယ့် အစ်ကိုကြီးအလိုအရ လေးစားကြည်ညိုလေတော့ ခေါင်းငြိမ့်ခဲ့ပါတယ်။ ဒီလိုနဲ့ ကိုသက်ဦးရဲ့သူငယ်ချင်း ကိုဝေလင်းနဲ့ မမေသက်စံတို့ အိမ်ထောင်သက် တစ်နှစ်ကျော်လာတဲ့တစ်နေ့မှာ အင်မတန်အေးချမ်းတဲ့ အဲဒီမိသားစုလေးဆီ ပြင်းထန်တဲ့ လောကဓံမုန်တိုင်းတစ်ခု ဖြန်းစားကြီး ဝင်ရောက်လာပါတော့တယ် ...

ဖြစ်ပုံကဒီလိုပါ။ သီးနှံဝယ်ယူရေးအတွက် ကိုသက်ဦးဟာ ကျွန်တော်တို့ မြို့လေးနဲ့ လေးဆယ့်ရှစ်မိုင်ဝေးတဲ့ မန္တလေးကို နေ့စဉ်သွားရပါတယ်။ မန္တလေးကုန်စည်ဒိုင်ကနေ သတ်မှတ်တဲ့ ကုန်စည်ဒိုင်ဈေးနှုန်း သတင်းရရှိဖို့ဖြစ်ပါတယ်။ အခါတိုင်းလိုပဲ ကိုသက်ဦးဟာ သူ့ကိုယ်ပိုင်ကားလေးနဲ့ မန္တလေးကို သွားတယ်ပေါ့။ အဲဒီနေ့မှာတော့ ကံဆိုးမိုးမှောင်ကျတယ်ပဲပြောရမလား။ ကိုသက်ဦး ကားအက်ဆီးဒင့်ဖြစ်ပါတယ်။ ရွာသစ်ကြီးလမ်းခွဲ နတ်ခရိုင်ကွေ့ဟာ ကျင်တွယ်ချိုး ကိုးဆယ်ဒီဂရီထောင့်မှန်ချိုး အန္တရာယ်ကွေ့တစ်ကွေ့ပါ။ ကိုသက်ဦး သတိထားလျက်က ဆယ်ဘီးကားတစ်စီးနဲ့ အရှိန်ပြင်းပြင်း တိုက်မိခဲ့ပါတယ်။ ကိုသက်ဦးကားလေးတစ်ခေါင်းလုံး ပိန်ချိုင့်စုတ်ပြတ်သွားသလို ကိုသက်ဦးလည်း အပြင်း

www.burmeseclassic.com

www.burmeseclassic.com




အထိန်ဒဏ်ရာရသွားခဲ့ပါတယ်။ ဒီလိုနဲ့ သူ့ကို မန္တလေးဆေးရုံကြီးအရောက်ပို့လိုက်ရတယ်။ သူ့အိတ်ကပ်ထဲမှာပါတဲ့ လိပ်စာကတ်အတိုင်း သူ့ပွဲရုံကိုဖုန်းဆက်အကြောင်းကြားလိုက်တာနဲ့ တစ်ပြိုင်နက်တည်း ညီမဖြစ်သူမမေသက်စံနဲ့ ယောက်ဖဖြစ်သူ ကိုဝေလင်းလည်း သူတို့ကိုယ်ပိုင်ကားနဲ့ မန္တလေးဆေးရုံကို အပြေးလိုက်လာကြပါတယ် …

"ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ … "လို့ပဲဆိုရမလား … မပြောတတ်ဘူး … မန္တလေးဆေးရုံကြီးရောက်ခါနီးလေးမှာတင် ကိုဝေလင်းနဲ့ မမေသက်စံတို့ကားလည်း အက်ဆီးဒင့်ဖြစ်ပြန်ပါလေရော … မမေသက်စံက ပွန်းပဲ့ရှနာရုံလောက်ပဲ ဒဏ်ရာရပေမယ့် ယောက်ျားဖြစ်တဲ့ ကိုဝေလင်းခမျာမှာတော့ ဦးခေါင်းဒဏ်ရာရပြီး သတိလစ်မေ့မြောသွားပါတယ်။ မမေသက်စံမှာ အစ်ကို အတွက်အပူကကြီးနေတဲ့အချိန် လင်သားအတွက်အပူပါတိုးလာရတာပေါ့။ ချက်ချင်းပဲ ကိုဝေလင်းလည်း အရေးပေါ်ခန်းထဲရောက်သွားရတယ် …

သိပ်မကြာခင်မှာ ကိုဝေလင်းဆုံးသွားပါတယ် … မမေသက်စံအတွက် အကြီးမားဆုံးသောကဖြစ်ရတော့တာပေါ့။ ဒါပေမယ့် ဝမ်းသာမှုနဲ့ ဝမ်းနည်းမှု ဒွန်တွဲရောက်ရှိတယ်ဆိုတာက သိပ်မှန်တယ်။ တစ်ဖက်မှာယောက်ျား သေသွားပေမယ့် တစ်ဖက်မှာတော့ သေလူအဖြစ်လုံးလုံးသတ်မှတ်ထားတဲ့ အစ်ကိုဖြစ်သူ ကိုသက်ဦးကတော့ မမျှော်လင့်နိုင်စရာကောင်းလောက်အောင် ချက်ချင်းသတိရ ပြီး လူကောင်းပကတိဖြစ်လာခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com





ဇာတ်လမ်းက အဲဒီမှာစရှုပ်တော့တာပဲ။ လူပျိုကြီးကိုသက်ဦးဟာ သတိရပြီဆိုတာနဲ့ မိန်းမရေ ••• မေသက်စံ မင်းဘယ်မှာလဲ ကိုကိုဆီလာပါ ဦးကွာ ••• ဆိုပြီး ချက်ချင်းထပြီး ခေါ်ပါလေရော ဆရာမရယ်။

မေသက်စံ မျက်လုံးပြူးသွားတာပေါ့ ••• သူမရဲ့ အစ်ကိုအရင်း ကိုသက်ဦးက သူမကိုကြည့်ကြည့်ပြီး မိန်းမရေလို့ တကြော်ကြော်ခေါ်နေတဲ့ကိစ္စ ဘယ်လိုမှကိုနားမလည်နိုင်တော့အောင် ကြက်သီးမွေးညှင်းတွေထရတာပေါ့။ "မဟုတ်ဘူး"ကိုကြီး သတိထားပါ။ ကိုကြီးက ညီမလေးရဲ့အစ်ကို ကိုသက်ဦး ပါ"လို့ ပြောရှာတယ်။ ဒါပေမယ့် ကိုသက်ဦးက လုံးဝလက်မခံဘူး။ မဟုတ်ဘူး ငါသက်ဦးမဟုတ်ဘူး ••• ငါမင်းယောကျ်ား ဝေလင်းပါလို့ ငွတ်ပြောတယ် ••• လင်မယားချင်းသာသိတဲ့ အတွင်းရေးကိစ္စတွေအထိပြောပြီး ညီမဖြစ်သူကို မိန်းမ မှ မိန်းမ တစ်ထစ်ချပြောတော့တာပါပဲ။ ညီမဖြစ်သူ မမေသက်စံကလည်း ဘယ်လိုနည်းနဲ့မှ လက်မခံနိုင်ဘူး။ နောက်ဆုံး ကိုသက်ဦးက ဘာပြောလဲဆိုတော့ "နင်ဘာမှမသိဘူး ••• ငါသက်ဦးမဟုတ်ဘူး ••• ဝေလင်းပါ ••• ငါဒုက်ရာ ရပြီး သတိလစ်သွားတော့ ငါစိတ်ထဲမှာ ယောက်ဖသက်ဦးကို တွေ့ချင်ဇောကြီးပြီး ယောက်ဖဆီရောက်သွားတယ် ••• ငါရောက်သွားတော့ ယောက်ဖက အသက် ထွက်လုထွက်ခင်ဖြစ်နေတယ် ••• သိပ်မကြာဘူး ငါ့ရှေ့မှာတင် အသက်ထွက် သွားတော့ ငါတအားစိုးရိမ်ပြီး သူ့ခန္ဓာကိုယ်ထဲတိုးဝင်လိုက်တယ်။ ပြီးတော့ ငါ ပြန်ထွက်လို့မရတော့ဘူး ••• အခု ငါဟာ သက်ဦးခန္ဓာကိုယ်နဲ့ ငါ့ဝိညာဉ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com





နေတာပါ … မင်းဟာ ငါ့ညီမမဟုတ်တော့ဘူး … ငါ့မိန်းမပါ မေသက်စံရယ် လို့ ဖြစ်ကြောင်းကုန်စင်ပြောပြပါတယ် …။

ဒါပေမယ့် သူတို့နှစ်ယောက်ဘယ်လိုနည်းနဲ့မှ ပေါင်းလို့မရတော့ ပါဘူး … ယောက်ျားကိုဝေလင်းရဲ့ ဝိညာဉ်မှန်ဦးတော့ အစ်ကိုအရင်းကိုသက်ဦး ရဲ့ ခန္ဓာကိုယ်ကြီးဖြစ်နေတော့ ဘယ်လိုနည်းနဲ့မှ ပေါင်းစပ်လို့မရတော့ပါဘူး …

အခုဆိုရင် သူတို့နှစ်ယောက် အမွှေခွဲပြီးတစ်ယောက် တစ်အိမ်စီ ခွဲနေနေရပါတော့တယ် … ။

ဇာတ်လမ်းလေးကတော့ အဲဒါပါပဲ လောကကြီးမှာ စိတ်ကူးထက် ဆန်းကြယ်တဲ့ အဖြစ်အပျက်ပေါင်းများစွာ ရှိကြတဲ့အနက်က ကိုသက်ဦး ကိုဝေလင်း၊ မမေသက်စံတို့ရဲ့ အဖြစ်လေးက အံ့မခန်းနိုင်စရာ ရင်နာဖွယ် အဖြစ်အပျက်လေးမို့ အခုလိုရေးသားပေးပို့လိုက်ရပါတယ် … ။

ဇော်ရဲ

အောင်ဇေယျမြို့သစ်

မြင်းမူမြို့။

www.burmeseclassic.com

www.burmeseclassic.com



သို့

ဆရာမ မော်ကေရီရှင့် …

ဆရာမရယ် … ပွင့်ဟာ စာရေးဝါသနာရှိပေမယ့် စာရေးဆရာဖြစ်ချင်တဲ့ သူမဟုတ်ပါဘူး … အခုလို ဇာတ်လမ်းအကျဉ်းကလေးမှာ ရေးမိတာဟာ ကျွန်မကိုယ်တိုင်ခံစားရတဲ့ ခံစားချက်လေးကိုမမြိုသိပ်နိုင်လို့ ရင်ဖွင့်မိခြင်းသက်သက်ပါရှင် … ကလျာနဲ့မကိုက်ညီရင်တော့ ကျွန်မကိုခွင့်လွှတ်နားလည်ပေးဖို့ တောင်းပန်ပါတယ် ဆရာမရယ် …

ကျွန်မမှာ လက်ထပ်ဖို့အထိ ရည်ရွယ်ထားတဲ့ ချစ်သူရှိပါတယ် … သူ့နာမည်က စောမူဒေါ်ပါ … ကရင်လူမျိုးတိုင်းရင်းသားတစ်ယောက်ဖြစ်ပါတယ်။ ကျွန်မနဲ့ ကုမ္ပဏီတစ်ခုမှာ အလုပ်အတူတူလုပ်ရင်းက ချစ်သူတွေဖြစ်ခဲ့ရတာပါ။ သူက ကျွန်မလောက်ပညာအရည်အချင်းမရှိပါဘူး … ကုမ္ပဏီဒါရိုက်တာရဲ့ကားကို မောင်းတဲ့ ဒရိုင်ဘာပါ … ။

ကျွန်မတို့နှစ်ယောက် ချစ်သူဖြစ်ကြတော့ ကျွန်မမိသားစုက လုံးဝ သဘောမတူပါဘူး … ပညာအရည်အချင်းလည်း မတူဘူး … ပြီးတော့ သူက ကျွန်မတို့ထက်စာလျှင် အရမ်းကိုစီးပွားရေးနိမ့်ပါးရှာတဲ့ နယ်ကတက်လာတဲ့ တိုင်းရင်းသားလေးပါ … အဆိုးဆုံးကတော့ ကိုးကွယ်တဲ့ဘာသာ မတူခြင်းပါပဲ … သူက ကျွန်မနဲ့လက်ထပ်ပြီးရင် ဗုဒ္ဓဘာသာဝင်အဖြစ် လုံးလုံးလျားလျား ခံယူပါမယ်လို့ပြောခဲ့တိုင်အောင် ကျွန်မမိဘတွေကတော့ တူးတူးခါးခါးပါပဲ … ကျွန်မနဲ့ မိဘတွေနဲ့ သူ့အကြားပြေလည်လာမယ့် တစ်နေ့ကိုစောင့်စေချင်ပါတယ် …

www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် သူကတော့ ... ကျွန်မမိဘတွေဟာ သူဆင်းရဲလို့လက်မခံနိုင်တာပဲလို့ တစ်ယူသန်ခံယူပြီး ... ချမ်းသာအောင်သူကြိုးစားမယ်။ ကျွန်မကို တင့်တင့်တယ် တယ်ထားနိုင်တဲ့တစ်နေ့ ကျွန်မကိုလက်ထပ်ယူမယ်ဆိုပြီး ... ဒရိုင်ဘာအလုပ်က ထွက်လိုက်တယ် ... သူ့သူငယ်ချင်း ဘန်ကောက်မှာ စီးပွားရေးလုပ်ငန်းရှင်ဖြစ်နေ တယ် ... အဲဒီကို လိုက်သွားမယ်။ ငွေဘဝတိုးတက်လမ်းကို ရောက်အောင်သွား ပြီး မင်းကိုလက်ထပ်မယ်ဆိုပြီး တစ်နှစ်လောက် ကျွန်မနဲ့အဆက်အသွယ်ပြတ်သွား ပါတယ် ...

တစ်နှစ်လောက်နေတော့ ကျွန်မဆီ သူဖုန်းဆက်တယ် ... သူ့ သူငယ်ချင်း ကုမ္ပဏီမှာ ရှယ်ယာဝင်လိုက်တယ်တဲ့ ... အဲဒီနိုင်ငံသားလည်း ခံယူလိုက်ပြီတဲ့။ နေစရာ တိုက်ခန်းတစ်ခန်းလည်း ကျွန်မနာမည်နဲ့ဝယ်ပြီးပြီတဲ့။ FARMER ဘဏ်မှာလည်း ကျွန်မနာမည်နဲ့ ငွေစာရင်းဖွင့်ပိုက်ဆံစုထားတယ်တဲ့။ ကျွန်မလိုက်ခဲ့ ပြီး ကျွန်မတို့နှစ်ယောက် လက်ထပ်ကြပါစို့တဲ့ ... လက်ထပ်ပြီးမှ ကျွန်မမိဘတွေ ကို ဖွင့်ဟခွင့်တောင်းလိုက်ရင် မိဘတွေလက်မခံနိုင်စရာ အကြောင်းမရှိတော့ဘူးတဲ့။ သူပြောတာကို ကျွန်မသဘောကျပေမယ့် မိဘတွေသဘောမကျနိုင်တာသိတော့ ကျွန်မ လည်း အချိန်ဆွဲထားမိပါတယ် ...

အဲလိုနဲ့ တစ်နှစ်ခွဲလောက်ကြာတဲ့အခါမှာတော့ ... ထူးခြားတဲ့ဖြစ်ရပ် တစ်ခုဖြစ်လာပါတယ် ... သူနဲ့ ကျွန်မနဲ့ချစ်သူဖြစ်ခဲ့တဲ့ ဇန်နဝါရီလဆယ့်ရှစ်ရက်နေ့ ညဆယ့်တစ်နာရီတိတိမှာပေါ့ ... ကျွန်မလည်း သူ့ကိုတမ်းတမ်းတတ သတိရ နေတဲ့အချိန်ပါ။ အဲဒီအချိန်မှာ ကျွန်မအိပ်ခန်း ပြတင်းတံခါးကို တဒေါက်ဒေါက်

www.burmeseclassic.com

www.burmeseclassic.com


ခေါက်သံကြားလိုက်ရပါတယ် … ကျွန်မ ပြတင်းတံခါးဖွင့်လိုက်တော့ အသက်ရှူရပ်မတတ်အံ့ဩသွားရပါတယ် … ကျွန်မ မျက်စိရှေ့မှာ မျက်ဝါးထင်ထင်မြင်လိုက်ရတာကတော့ ကျွန်မချစ်သူ စောမူဒေါ်မှ စောမူဒေါ်အစစ်ဖြစ်နေပါတော့တယ် …

သူ့ပုံစံက ရေးကြီးသုတ်ပျာနိုင်နေပါတယ် … နည်းနည်းလည်း ညှိုးညှိုးငယ်ငယ် အသွင်ပေါက်နေတယ် … ဒါပေမယ့် ချစ်သူနှစ်ဦးဆုံတွေ့တွေ့ချင်းဆိုတော့ အဲဒီကိစ္စတွေကို သိပ်အလေးအနက်မထားမိဘူး ဆရာမရယ် … ချစ်သူရင်ခွင်ထဲကို တိုးဝင်ဖို့ပဲ ဇွဲသန်နေမိပါတယ် … ဒါပေမယ့် သူကကျွန်မကို အထိမခံပါဘူး … သူကိုယ်တိုင်ကလည်း ကျွန်မကိုလက်ဖျားနဲ့တောင် မထိဘူး။

"ကိုယ်အရေးတကြီးပြောစရာရှိလို့လာခဲ့တာ … ကိုယ့်မှာအချိန်မရဘူး။ ကိုယ်မင်းကိုလာခေါ်တာ … ဒါပေမယ့် မင်းကိုယ်နဲ့တစ်ခါတည်း မလိုက်ခဲ့နဲ့။ ကိုယ်အခုချက်ချင်းပြန်ရမယ် … မင်းကတော့ မနက်ဖြန်လေယာဉ်နဲ့ကိုယ်ရှိတဲ့ ဘန်ကောက်က ကိုယ့်တိုက်ခန်းကိုပဲအရောက်လာခဲ့"ဆိုပြီး အလောတကြီးပြောပြီး အမှောင်ရိပ်ထဲဝင်ပြီး ပျောက်သွားတယ် … ။

ကျွန်မ ခြံပြင်ပြေးထွက်လိုက်ခေါ်ပေမယ့် သူ့အရိပ်အယောင်ကို လုံးလုံးမတွေ့ရတော့ဘူး … ကျွန်မ စိတ်ထဲမှာ အရမ်းထူးဆန်းနေတယ် … ဘာပဲဖြစ်ဖြစ် သူ ကျွန်မဆီဖုန်းဆက်ပြီး ကြိုတင်အကြောင်းကြားမှာကို လုံးဝလည်းအကြောင်းမကြား … ဖြုန်းစားကြီးရောက်ချလာပြီး ဝုန်းဒိုင်းကြီးပျောက်ကွယ်သွားတာ … တော်တော်ကြီးကို မခံစားနိုင်ဖြစ်ရတယ် … ဒါကြောင့် နောက်နေ့ချက်ချင်းပဲ လေယာဉ်

www.burmeseclassic.com

www.burmeseclassic.com

လက်မှတ်ယူပြီး ကျွန်မမှာရှိပြီးသား သူ့ရဲ့ဘန်ကောက်လိပ်စာအတိုင်း လိုက်သွားတော့တာပါပဲ ...

သူ တိုက်ခန်းလည်းရောက်ရော ကျွန်မရင်ကွဲပက်လက်ဖြစ်ရပါတယ် ... သူ မနေ့ညကပဲ အစာအိမ်သွေးကြောပေါက်ပြီး ဆေးရုံမှာ ဆုံးသွားတယ်လို့ သူ့ သူငယ်ချင်းက ကျွန်မကိုဆီးပြောပါတော့တယ် ...

နောက်ဆုံးတော့ ကျွန်မမှာ သူ့ရှာဖွေထားခဲ့တဲ့ စီးပွားဥစ္စာတွေအားလုံးကို ပိုင်ဆိုင်ရပေမယ့် ... ကျွန်မ အမြတ်နိုးဆုံးသူ့ကိုတော့ ဘယ်တော့မှ ပြန်မရနိုင်အောင် ဆုံးရှုံးခဲ့ရပါတယ် ... ဒါပေမယ့် ဆရာမရယ် အခုဆိုရင် သူဆုံးတာ တစ်လကျော်ခဲ့ပါပြီ။ ကျွန်မ အိပ်ခန်းထဲမှာ သူ့ခြေသံတွေ အမြဲကြားနေရတယ်။ သူ့ရယ်သံတွေ အမြဲကြားနေရတယ် ... သူ့အနံ့အသက်တွေအမြဲရနေပါတယ် ... ကျွန်မရူးသွပ်သွားတာမဟုတ်မှန်း ကျွန်မအသိဆုံးပါ။ ကျွန်မချစ်သူကို ဒီဘဝမျိုးမှာ ရေရှည်မနေစေချင်ပေမယ့် သူ့အရိပ်၊ သူ့အသံလေးတွေ ပျောက်သွားမှာစိုးလို့ သူ့အတွက်ကုသိုလ်ကောင်းမှုလည်း မပြုမိသေးဘူး ... အမျှအတန်းလည်းမဝေနိုင်သေးဘူး ... ကျွန်မအတ္တဟာ ကျွန်မချစ်သူအတွက် ဒုက္ခများဖြစ်နေမလား မသိဘူးနော် ... တစ်နေ့နေ့တော့ ကျွန်မအတ္တကို လျှော့ချနိုင်ကောင်းပါရဲ့လို့ပဲ ကျွန်မကို ကျွန်မနှစ်သိမ့်နေရပါတော့တယ် ...

ရတီပွင့်ဖြူ
သစ္စာလမ်း
တောင်ဥက္ကလာပ
ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## ပါဝင်သောအခန်းများ


အခန်း ၁။ ဘဝဟောင်းကနေရာ

အခန်း ၂။ ကျားစားခံလိုက်ရတဲ့ ကျားမုဆိုး

အခန်း ၃။ ရွာဝင်ခွင့်မရသော အလောင်းကောင်

အခန်း ၄။ သံယောဇဉ်တစ္ဆေလင်သား

အခန်း ၅။ သေကွဲ ကွဲလည်း မခွဲနဲ့မောင်

အခန်း ၆။ ချွေးယောင်ဆောင်သောအစိမ်းသရဲ

အခန်း ၇။ အမဲသားတစ်တွဲပေးခဲ့ပါ

အခန်း ၈။ လှည်းမောင်းတဲ့တစ္ဆေ

အခန်း ၉။ ရွာပြင်ထွက်နေပါ




www.burmeseclassic.com

www.burmeseclassic.com


အခန်း ၁၀။ နောက်ကလိုက်လာတဲ့တစ္ဆေ

အခန်း ၁၁။ ဇရပ်ပေါ်လာတဲ့တစ္ဆေ

အခန်း ၁၂။ အဖြစ်ဆိုးတဲ့သားအမိ

အခန်း ၁၃။ နှစ်လည်တဲ့ညတစ်ည

အခန်း ၁၄။ လူလာဖြစ်တဲ့သူ

အခန်း ၁၅။ ကံကြွေးဆပ်သူ


နိဂုံး

ရိုးရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)
## ဘဝဟောင်းကနေရာ

"သဉ္ဇာ ... ဘာလို့ အဲဒီမြို့က သချိုင်းကို သွားချင်ရတာလဲ မဟုတ်သေးဘူးကွာ ... တခြား သွားစရာနေရာမရှိတော့ဘူးလား"

'ကို'က သူ့ကို စိတ်တိုပြီးပြောတယ်။ သဉ္ဇာကတော့ မလှုပ်မယှက် အိပ်ခန်းပြတင်းပေါက်ကနေ ခပ်ဝေးဝေးမှာရှိတဲ့ ပင်လယ်ကဗွီးပင်တွေကိုသာ ငေးကြည့်နေတယ် ...

"သဉ္ဇာ ... ကိုမေးတာ ဖြေဦးလေ ... "

ကိုက သူ့နောက်ကျောက ထပ်အော်တယ်။

"ဘာကိုလဲ ... ကို ... "

နောက်ကိုလှည့်ပြီး ကို့ကို မျက်နှာချင်းဆိုင်ကာ မေးလိုက်တယ်။

"ဟင်း ... "

ကိုက သူ့ကိုကြည့်ပြီး သက်ပြင်းချလိုက်တယ်။ ပြီးတော့ ခေါင်းရမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



သဥ္ဇာက ...

"တကယ်ပြောတာကို ... ကို သဥ္ဇာကို ဘာမေးလိုက်တာလဲ"

"မင်းတကယ် မကြားတာလား သဥ္ဇာ ... "

"တကယ်ပါ ကိုရယ်၊ ပြော ... သဥ္ဇာ ဘာဖြေရမလဲ"

သဥ္ဇာ ကိုရဲ့ဘေးမှာကပ်ထိုင်ပြီးမေးတော့ ကိုက သဥ္ဇာကို ခေါင်းစောင်းပြီးကြည့်တယ်။

ပြီးတော့ ...

"သဥ္ဇာ ... လမုန်းမြို့က သင်္ချိုင်းကို ဘာလို့သွားချင်တာလဲလို့ ... "

"အင်း ... "

သဥ္ဇာ ချက်ချင်းမဖြေပါ။ မျက်နှာကတော့ ချက်ချင်းညှိုးသွားတယ်။

"ပြောလေ ... သဥ္ဇာ"

"မသိဘူး ကိုရယ် ... သဥ္ဇာ အဲဒီမြို့က သင်္ချိုင်းကို သွားချင်နေတယ်"

"အဓိပ္ပာယ် မရှိတာကွာ"

ကိုက စိတ်ပျက်ပျက်နဲ့ပြောတော့ သဥ္ဇာခေါင်းလေးငုံ့ထားလိုက်တယ်။

"ဝိညာဉ်တွေ တမလွန်တွေဆိုတာ စာတွေ၊ ပုံဝတ္ထုတွေထဲမှာပဲရှိတာ ... ဒါတွေကို တစွဲတလမ်းမထားပါနဲ့လို့ ကို ... သဥ္ဇာကို



www.burmeseclassic.com

www.burmeseclassic.com



ပြောခဲ့တယ်လေ … ကိုယ်ယုံကြည်တယ်ဆိုလဲ အတိုင်းအတာတစ်ခု ထိပဲထား … ခုတော့ကွာ၊ သဉ္ဇာဖြစ်နေတာတွေက အစွန်းရောက်နေတယ်''

ကို့ရဲ့စကားလုံးတွေက သူ့ရင်ကို ပြင်းပြင်းရှရှထိုးနှက်နေတယ်။ သူ … ကို့ကိုရှင်းပြဖို့ ကြိုးစားလိုက်တယ်။

''မဟုတ်ဘူးကို … သဉ္ဇာအစွန်းရောက်နေတာမဟုတ်ဘူး။ သဉ္ဇာ အဲဒီကိုသွားရင် တစ်ခုခုထူးခြားလာမယ်လို့ စိတ်ထဲကထင်နေတာ''

''တော်စမ်းကွာ … အဓိပ္ပာယ်မရှိတာတွေ ပြောမနေနဲ့ မင်း ကိုမင်း ဘာလဲစဉ်းစားဦး … တစ်ခုခုဆို သတင်းကချက်ချင်းထွက်သွားရင် မင်းဘာဖြစ်မလဲ … ''

ကိုက သူ့အတွက် အစိုးရိမ်လွန်ပြီးပြောတာမှန်း သူသိတယ်။

''ဟုတ်တော့ဟုတ်ပါတယ် ကိုရယ် … ဒါပေမဲ့ သဉ္ဇာရင်ထဲမှာ အဖြစ်ချင်ဆုံးဆန္ဒက သဉ္ဇာ အဲဒီသချိုင်းကိုသွားချင်တာပဲ … ပြီးတော့ … ''

''တော် … တော်တော့ သဉ္ဇာ … မင်းဘာဆက်ပြောမယ်ဆိုတာ ကိုသိတယ်''

ကိုက သူ့ကိုဟန့်လိုက်တော့ သူ ကို့ကိုဘာမှဆက်မပြောတော့ဘဲ ငြိမ်နေလိုက်တယ်။ သူ့အပေါ် အရာရာနားလည်ပေးခဲ့တဲ့ ကို့ကို သူဘယ်လိုရှင်းပြရမလဲ။ ကိုဟာ သူ့ကိုသိပ်ချစ်လွန်းခဲ့တဲ့သူ သူ … ဒီဘဝရောက်အောင် မြှင့်တင်ပေးခဲ့တဲ့သူ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝရဲ့ လုံခြုံရာ နွေးထွေးရာတစ်ခုထဲသော ကို့ရင်ခွင်ကို သူ လွှန်ဆွာမက်မောသည်လေ။

"မင်းမှတ်ထားစမ်း သဥ္ဇာ ... မင်းဟာ နာမည်ကြီးအဆိုတော်တစ်ယောက်၊ မင်းဘာလုပ်လဲ ... ဘယ်သွားလဲ၊ ဘာစားလဲ အကုန်သတင်းဖြစ်နေတာ ... မင်းလုပ်တာကိုင်တာအားလုံး မိနစ်ပိုင်းအတွင်း အင်တာနက်ပေါ်ရောက်ပြီ ...

နှစ်ဆယ့်လေးနာရီအတွင်း စာမျက်နှာပေါ်ရောက်ပြီဆိုတာ မင်းသိနေတာပဲ၊ ကို ... ကိုယ်တိုင်တောင် မင်းကိုဘယ်လိုဘဝနဲ့နေပေးလဲ မင်းနားလည်စမ်းသဥ္ဇာ ... "

သူ့ကို မျက်နှာကို အလျှင်အမြန်မော့ကြည့်လိုက်တယ်။ ကို့ရဲ့ မျက်နှာပေါ်မှာ သူ့အပေါ်ဘယ်လောက် မေတ္တာထားလဲဆိုတာ ထင်းနေ တယ်။

"မင်းနဲ့ကိုက တရားဝင်လက်ထပ်ထားတာပါ သဥ္ဇာ၊ ကို့မိဘတွေနဲ့ သဥ္ဇာမိဘတွေလောက်သာ သိရှိလက်ထပ်ခဲ့တာ၊ မင်းရဲ့ ကျော်ကြားမှုတွေကို မထိခိုက်စေချင်လို့ဆိုတာ မင်းသိပါတယ် ...

ဘယ်ယောက်ျားမဆို ကိုယ်ချစ်လို့မြတ်နိုးလို့ယူထားတဲ့မိန်းမဆိုပြီး လက်ဆွဲပွဲတက်ချင်တာပဲ ... ကိုယ် မင်းအတွက် အဲဒီအခွင့်အရေးတွေအဆုံးရှုံးခံထားတာ ... "

ကို့စကားတွေက သဥ္ဇာရင်ကို တလှပ်လှပ်တုန်စေတယ်။ ကို က ဆက်ပြီးတော့ ...

"မင်း ... စဉ်းစားကြည့်စမ်း၊ လူတွေသိအောင် မင်းနဲ့ကိုက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဆက်ဆံလဲ သတင်းသမားတွေကိုတောင် ကို့အစ်ကိုဝမ်းကွဲပါလို့ ကြေငြာထားတာလေ ...

ကိုစိုးရိမ်တယ်သဥ္စာ ... မင်း လမုန်းသချိုင်းကိုသွားပြီး တစ်ခုခုဖြစ်ခဲ့ရင် ... ”

ကိုစကားသံတွေ စိုနင့်စွာရပ်သွားတယ်။ သူ ... ကို့ရင်ခွင်ထဲ ခေါင်းဝင်ပြီး ခပ်တင်းတင်းဖက်ထားတယ် ... ပါးပေါ်စီးကျနေတဲ့ မျက်ရည်တွေက အတားအဆီးမဲ့နေတယ် ...

“ကိုရယ် ... သဥ္စာလဲ ကို့ကိုသိပ်ချစ်ပါတယ်”

ရင်ထဲကလာတဲ့ စကားလုံးတွေကို ဆို့ဆို့နင့်နင့်ပြောလိုက်တယ်။ ကိုက သူ့ပခုံးလေးကို အသာအယာတွန်းပြီး ...

“ဟင် ... သဥ္စာငိုနေတယ်၊ ဘာလို့လဲ ... သဥ္စာ ကိုပြောတာကိုစိတ်ဆိုးလို့လား”

“ဟင့်အင်း ... ”

သူ ကို့ကိုမရဲတရဲပြန်ကြည့်ပြီး ခေါင်းလေးခါလိုက်တယ်။

“ဘာလို့ငိုတာလဲ သဥ္စာရယ် ... ကိုပြောတာ ငိုစရာမှမပါတာ ... ”

ကိုက လေသံပျော့ပျော့လေးနဲ့ သူ့ကိုချော့တယ်။

“ကိုကို့စိတ်ဆိုးလို့လဲ မဟုတ်ပါဘူး ... ကို သဥ္စာလေ .. သဥ္စာ ... ”

စကားလုံးတို့ကထွက်မလာ ... ကိုက ...

“ပြောလေ ... သဥ္စာ ဘာဖြစ်လဲ ... ”



www.burmeseclassic.com

www.burmeseclassic.com



"သဏ္ဍာ သိပ်ကြောက်တာပဲ ကိုရယ် ... "

သူ ကို့ကိုတင်းကျပ်စွာ ဖက်ထားပြန်တယ်။

"ဘာကိုကြောက်တာလဲ သဏ္ဍာ ... ဆိုကွာ ... သဏ္ဍာပြောတာ ဘာမှအဓိပ္ပာယ်မရှိဘူး"

"မဟုတ်ဘူးကို ... သဏ္ဍာတကယ်ပြောနေတာပါ၊ သဏ္ဍာ လကွယ်ညတိုင်း အိပ်မက်မက်တယ်"

သူ ကို့ရင်ခွင်ကခွာကာ ကို့မျက်နှာကိုမော့ကြည့်တယ်။ အခု တစ်ခါမှာတော့ ကိုကအလျှော့ပေးတာ စိတ်ပျက်တာလားတော့မသိဘူး။ သူပြောမယ့်စကားကို နားထောင်နေပုံပဲ။

ဒါကြောင့် ...

"အိပ်မက်ထဲမှာလေ ... သဏ္ဍာကိုသူလာခေါ်တယ်"

"ဟင် ... ဘယ်လို ... "

"ဟုတ်တယ် ... သဏ္ဍာ အဲဒီအိပ်မက်ကို မေ့ပစ်ဖို့အကြိမ်ကြိမ်ကြိုးစားတယ်၊ ဒါပေမဲ့ ... မရဘူး၊ ကို ... အိပ်မက်မက်ပြီးတိုင်း သဏ္ဍာရင်ထဲမှာ စူးစူးနစ်နစ်ကို ခံစားရတယ်၊ ဘယ်လိုမှလဲမနေတတ်ဘူး ... "

ကိုက သူ့ကိုစူးစူးစိုက်စိုက်ကြည့်ပြီး တဖြည်းဖြည်းပြုံးလာတယ်။ ပြီးတော့ ... သူ့ဆံပင်လေးတွေကို အသာပွတ်ပြီး ...

"သဏ္ဍာရယ် ... သဏ္ဍာက အနုပညာသမားပီပီ အရမ်းခံစားလွယ်တာပဲ ... ကဲ ... ကဲ ... အဲဒါတွေမေ့လိုက်တော့ အောက်ထပ်သွားပြီး ကော်ဖီသောက်ကြမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ သဉ္ဇာ ... ကို့ကို ဘာမှမပြောတော့ ...

သဉ္ဇာကခံစားလွယ်တာလားကိုရယ် ... အဲဒါတွေမေ့လိုက်ရမှာလား၊ သဉ္ဇာ အိပ်မက်တွေကို မေ့ပစ်လိုက်ရမှာလား။

သဉ္ဇာ ဘယ်လိုမှ မေ့နိုင်မှာမှမဟုတ်တာ။

ဘာလို့လဲဆိုတော့ ...

သဉ္ဇာရစ်နွယ်ဆိုတဲ့ နာမည်ကျော်အဆိုတော်မလေးဟာ မင်းနေဆိုတဲ့ ကို့ကြောင့် ရှင်သန်လာရတယ်ဆိုတာ ဘယ်လိုမှငြင်းနိုင်စရာတော့မရှိပါဘူး။

မင်းကမ္ဘာဆောက်လုပ်ရေး ကုမ္ပဏီရဲ့ပိုင်ရှင် မျိုးရိုးစဉ်ဆက်ကြွယ်ဝချမ်းသာလာသူ။ အမေရိကားက စီမံခန့်ခွဲမှုပညာဖြင့် ဘွဲ့ရလာသူ မိန်းမပျိုတိုင်းငေးကြည့်ရလောက်အောင် ယောကျ်ားပီသချောမောတဲ့သူ။

ကို့မှာ အဲဒီဂုဏ်ပုဒ်တွေပိုင်ဆိုင်ထားတယ်။ ပြီးတော့ ... သာမာန်မိန်းကလေးဘဝကနေ နိုင်ငံကျော်အဆိုတော်တစ်ယောက်ဖြစ်အောင် ကိုကသဉ္ဇာကို ပံ့ပိုးပေးခဲ့သလို ကို့ရဲ့ချစ်ခြင်းမေတ္တာတွေကို သဉ္ဇာတစ်ယောက် အပြည့်အဝရရှိထားလို့ မိန်းမသားတစ်ယောက်အနေနဲ့ ကျေနပ်စရာဆိုပေမယ့် ...

သဉ္ဇာဘဝထဲကို မမျှော်လင့်ဘဲ ရောက်လာတာက ... အိပ်မက် ... အဲဒီအိပ်မက်ကြောင့် သဉ္ဇာ ဘာတွေဖြစ်ခဲ့လဲဆိုတာထက် ဘာတွေဖြစ်လာမလဲဆိုတာကတော့ ...

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

ရွာထိပ်ကသချိုင်းမှာ

အလောင်းလျှောက်လာတာ ...

ဘာကြောင့်လဲ ?

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

## ကျားစားခံလိုက်ရတဲ့ ကျားမုဆိုး

"စံပယ်ရေ ... မောင်ပြန်လာပြီ ... "

"ဟင်"

ပခုံးထက်တွင် ချေတစ်ကောင်ကိုထမ်းပြီး ရင်ဘတ်မှာချေရဲ့သွေးတွေနဲ့ ပေကျံနေတဲ့မုဆိုးမင်းဒင်တစ်ယောက် ခြံထဲဝင်ဝင်ချင်း ဟစ်အော်လိုက်တဲ့အသံကြောင့် ပခက်ထဲမှာ ကလေးထည့်သိပ်နေတဲ့ မစံပယ်တစ်ယောက် အိမ်ရှေ့ကို အပြေးထွက်လာတယ်။

"ဘုန်း"

ကိုမင်းဒင်က သူထမ်းလာတဲ့ချေကောင်ကို ကွပ်ပျစ်ပေါ်ပစ်ချပြီး ခြေပစ်လက်ပစ်ထိုင်ချလိုက်တယ်။

"ပင်ပန်းလာပြီလား၊ မောင် ... ရော့ ... ရေသောက်လိုက်"

မစံပယ်က သောက်ရေအိုးထဲရေတစ်ခွက်ကိုခပ်ပြီး ကိုမင်းဒင်ကိုပေးလိုက်တော့ ကိုမင်းဒင်က လှမ်းယူပြီးသောက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အား ... ခုမှပဲ အမောပြေတော့တယ်ကွာ"

"မောင် မိုက်ဆာနေပြီမလား ... ရေချိုးလိုက် ... စံပယ် ထမင်းပွဲပြင်ထားလိုက်မယ်"

"ရတယ် စံပယ် ... ဒီကောင့်ကိုဖျက်လိုက်ဦးမယ်၊ မိုးချုပ်သွားရင် စံပယ်ကြပ်တင်ဖို့ခက်နေမယ်"

"ရပါတယ်မောင်ရယ် ... မောင်ပင်ပန်းလာတာပဲ"

မစံပယ်ကပြောသော်လည်း ကိုမင်းဒင်ကမရ။ ထရံတွင်ထိုးထားသည့် အမဲဖျက်ဓားကိုယူကာ ချေသေကောင်ကို ဖျက်တော့တယ်။

"ဝါး ... ဝါး ... "

"ဟင် ... သမီးလေး နိုးလာပြီ၊ သွားခေါ်လိုက်စံပယ်"

"ဟုတ်ကဲ့"

ကိုမင်းဒင်ဘေးတွင် ဝိုင်းလုပ်ကိုင်ပေးနေတဲ့ မစံပယ် လက်တွေဆေးပြီး ပုခက်ထဲက ကလေးကိုသွားခေါ်တယ်။

"ဟား ... ဟား ... အဖေ့သမီး ငိုနေတာလားကွ၊ တိတ်ပါတော့ကွာ ... တိတ် ... "

ကိုမင်းဒင်က ကလေးကိုလှမ်းမြှုလိုက်တယ်။ ကလေးက ရှစ်လကိုးလအရွယ်။ ဖြူဖြူဖွေးဖွေးတုပ်တုပ်ခိုင်ခိုင် မျက်နှာဝိုင်းဝိုင်းလေးနှင့်လွန်စွာမှ ချစ်စရာကောင်းတယ်။ တကယ်တော့ မစံပယ်က ဒီရွာသူမဟုတ်။ မြို့ကဆန်စက် သိစက်သူဌေးရဲ့ တစ်ဦးတည်းသောသမီး၊ နဖူးစာရွာလည်ပြီး ဒီရွာက မုဆိုးကိုမင်းဒင်နဲ့ချစ်သူရည်းစားဖြစ်ပြီးညားကြတာ။



www.burmeseclassic.com

www.burmeseclassic.com



မိဘက သဘောမတူလို့ စွန့်ပယ်ထားလို့ ဆင်းဆင်းရဲရဲနေရတာ။ ဒါပေမဲ့ ... မစံပယ်က ဝမ်းမနည်းဘူး။

ကိုမင်းဒင်နဲ့နေရတာပျော်တယ်။ မုဆိုးမယားဘဝရောက်ပေမယ့်လည်း စိတ်ထားကနူးညံ့တယ်။ ဘာသာတရားလည်းကိုင်းရှိုင်းတယ်။ ရွာဘုန်းကြီးကျောင်းအတွက်လည်း အသားခြောက်တွေအမြဲလှူတယ်။

သမီးလေးမွေးလာတော့ ကလေးနောင်ရေးအတွက်တွေးပြီး ရင်မောရတာအကြိမ်ကြိမ်။

"မောင် ... စံပယ့်သမီးလေးကို ပြည့်ပြည့်စုံစုံထားချင်တယ်"

"ဟင်း"

မစံပယ် ထိုသို့ပြောတိုင်း ကိုမင်းဒင် သက်ပြင်းသံကြီးက ကျယ်ကျယ်လောင်လောင်ကိုထွက်လာတယ်။

မုဆိုးအလုပ်ဆိုတာ အူစိုတာကလွဲလို့ တခြားဘာမျှော်လင့်ချက်မှရှိတာမှမဟုတ်တာ။ သူကိုယ်တိုင်ကလည်း ဖခင်မုဆိုးကြီးရဲ့အမွေကို ဆက်ခံထားတာ ဘာအလုပ်မှလုပ်ဖူးတာမဟုတ်။

"တို့အလုပ်က ဝမ်းဝရုံပဲဆိုတော့ ကြီးပွားပြည့်စုံဖို့ဆိုတာ မလွယ်ဘူး ... တစ်ခုတော့ရှိတယ်၊ ကျားရေစျေးကောင်းရတယ်လို့ ကြားတယ် ကျားသာရရင် အရေဆုတ်ရောင်းရင် အရင်းအနှီး တစ်ခုခုတော့ရလာမှာပဲ"

"အင်း

ကိုမင်းဒင်ရဲ့တစ်ခုထဲသောမျှော်လင့်ချက် ... ထိုမျှော်လင့်ချက်



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝဖို့ ကျားကိုရအောင်ရှာမှ ဖြစ်တော့မယ်မလား ...

"အခုတစ်ခေါက် တောဝင်လို့ကြာရင်မပူနဲ့စံပယ် ... မောင် ကျားရအောင်ပစ်ခဲ့မယ်၊ ကျားရေနဲ့ကျားရိုးကဈေးရတယ်လို့ကြား တယ်၊ ရလာရင်တော့ လယ်ကွက်လေးတွေဝယ်ပြီး စပါးစိုက်တာ ပေါ့ ...

တောလဲဝင်မယ်၊ လယ်လဲစိုက်မယ်ဆိုရင် တဖြည်းဖြည်းမောင် တို့ပြေလည်လာမှာပါ"

"ကျားရဖို့ကလွယ်ပါ့မလားမောင် ... ပြီးတော့ မောင့်အတွက် လည်း အန္တရာယ်အရမ်းများပါတယ်"

မစံပယ်က စိုးရိမ်စွာပြောတယ်။ ကိုမင်းဒင်ကပြုံးပြီး ...

"မလွယ်ပေမယ့် ရှာရမှာပဲစံပယ် ... ဒါမှတို့အတွက် အရင်း နှီးတစ်ခုရမှာမလား၊ ခုတည်းက ကြိုးစားထားမှသမီးလေးကြီးလာရင် အဆင်ပြေပြေနေနိုင်မှာလေ ... "

"ဟုတ်ပါတယ် ... "

မစံပယ်ရဲ့ရင်ခွင်ထဲက သမီးလေးကတော့ နို့ကိုအားရပါးရစို့ ကာနေတယ်။ ကိုမင်းဒင် ပစ်လို့ရတဲ့အမဲကောင်တွေရဲ့အသား၊ အရေ စတာတွေ ရောင်းထားလို့ရတဲ့ငွေတချို့ စုဆောင်းထားတာကလွဲရင် အပိုပိုက်ဆံက သူတို့မှာ မရှိဘူးလေ။

ဒီတော့လဲ မြိုးမြိုးမြတ်မြတ်ရနိုင်တဲ့ ဟင်းကောင်(ကျား)ကိုရှာမှ ဖြစ်တာကြောင့် ကိုမင်းဒင် ပြင်ဆင်ရတော့တယ်လေ။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... စံပယ် ကလေးကငိုလှချည်လား"

ကလေးခဏခဏငိုသံကြောင့် ခြေရင်းခြံက ဒေါ်မြအေးရောက်လာပြီး မစံပယ်ကိုမေးတယ်။

"မသိပါဘူး အဒေါ်ရယ် ... ငိုနေတာကြာပြီ၊ ဘယ်လိုချော့ချော့မရပါဘူး"

"ဗိုက်နာလို့များလား"

"ထုံး၊ ဆန္ဒင်း လိမ်းပေးထားတာပဲ ငိုကိုငိုနေတာ"

"ပေး ... ပေး ... ငါ့ကိုပေး ... "

ဒေါ်မြအေးက မစံပယ်လက်ထဲက ကလေးကိုခေါ်ချီပြီးချော့တော့ ခဏအကြာမှာ ကလေးကအငိုရပ်ပြီး အိပ်ပျော်သွားတယ်။

"ငါ ... ပုခက်ထဲထည့်လိုက်မယ်"

"ဟုတ်ကဲ့ အဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြအေးက ကလေးကို ပုခက်ထဲထည့်လိုက်တယ်။

"အင်း ... ကလေးတွေက အဲလိုပဲ ဝမ်းထဲမအီမသာဖြစ်ရင် ငိုတာပဲ ... ဒါနဲ့ ... မင်းဒင်တစ်ယောက်မတွေ့ပါလား၊ နှစ်ရက် သုံးရက်လောက်ရှိပြီထင်တယ်"

"ဟုတ်တယ်အဒေါ် ... တောပစ်သွားတယ်"

"အရင်က အဲဒီလောက်မကြာပါဘူး"

ဒေါ်မြအေးကပြောတော့ မစံပယ်က ...

"တောင်ဖြူကြီးဘက်မှာ ကျားခြေရာတွေ့လို့တဲ့၊ အဲဒီနောက် လိုက်တာနေမှာပေါ့"

"ကျားနောက်လိုက်တာ ... အမလေး ... အန္တရာယ်မများ ဘူးလား စံပယ်ရယ်"

"မောင်က ကျားရအောင်ပစ်မယ်လို့ပြောတယ်၊ ဒါမှချောင် လည်မှာမလား၊ မတတ်နိုင်ဘူးအဒေါ်ရယ် ... ကျွန်မတို့မိသားစုမှာ ထွက်ပေါက်ဖြစ်ဖို့ဆိုတာ ဟင်းကောင်ကြီးရမှဖြစ်မှာလေ"

"ငါက အန္တရာယ်များတာကိုပြောတာပါ"

ဒေါ်မြအေးက သူတို့နှင့်ခြေရင်းခေါင်းရင်းနေတာကြောင့် ဆွေ မျိုးတွေလိုဖြစ်နေတယ်။ ကိုမင်းဒင် အမဲရလာတဲ့အခါ ဒေါ်မြအေးကို စားဖို့အမဲပေးသလို ဒေါ်မြအေးခြံကထွက်တဲ့ အသီးအနှံတွေဆိုလဲ မစံပယ်တို့ အမြဲစားရတယ်။

ကိုမင်းဒင် အမဲပစ်သွားလို့ပြန်မလာတဲ့ရက်တွေဆို ဒေါ်မြအေး အမြဲစောင့်ရှောက်ပေးတယ်။ ကိုမင်းဒင်နဲ့မစံပယ်တို့လင်မယား တစ်



www.burmeseclassic.com

www.burmeseclassic.com



ေယာက္နဲ႔တစ္ေယာက္ အလြန္ခ်စ္ၾကတာကို ေဒၚျမေအးက အၿမဲ ခ်ီးမြမ္းတယ္။

"ကဲ ... ငါသြားေတာ့မယ္စံပယ္၊ ကေလးတအားငိုရင္ ငါ့ကို သာလုမ္းေခၚလိုက္"

"ဟုတ္ကဲ့ အေဒၚ"

ေဒၚျမေအးက သူ႔အိမ္ျပန္ရန္ တဲေပၚမွဆင္းလိုက္စဥ္ ရြာသား တစ္ဦး ေျခထဲအေျပးေရာက္လာတယ္။

"ဟဲ့ ... ဖိုးေအး ... ဘာျဖစ္တာလဲ"

ေဒၚျမေအးက ဆီးေမးေတာ့ ဖိုးေအးက ...

"မစံပယ္ ... မစံပယ္ေယာက်္ား ကိုမင္းဒင္ ေတာထဲမွာက်ား ကုတ္ခံရလို႔ေသၿပီဗ်"

"ဟင္"

မစံပယ္ ေခါင္းတစ္ခုလံုး ခ်ာလည္လည္သြားတယ္။ ရုတ္တ ရက္ ဘာျပန္ေမးရမွန္းမသိ။ ရင္ထဲ၌လည္း အပူလံုးႀကီးဆို႔တက္လာ တယ္။ ဒါကိုသိတဲ့ ေဒၚျမေအးက ...

"စံပယ္ သတိထားစမ္း ... ဟဲ့ ဖိုးေအး၊ နင္ေျပာတာ ေသခ်ာလို႔လား"

"ဟာ ... ေသခ်ာတာေပါ့၊ ေတာထဲဝါးသြားခုတ္တဲ့ မ်ိဳးဝင္း တို႔အုပ္စုကေတြ႔လို႔ အေလာင္းကိုယူလာတာ၊ ရြာထိပ္ဇရပ္မွာေရာက္ ေနၿပီ"

ဖိုးေအးစကားဆံုးေတာ့ မစံပယ္က ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... မောင်ဆုံးပြီ ... "

"စံပယ် ... ငို ... ငိုချလိုက်၊ တင်းမထားနဲ့ ငို ... ငိုသာ ငိုလိုက်"

ဒေါ်မြအေးပြောတာတွေကို မစံပယ်က ကြားတစ်ချက်မကြား တစ်ချက် ရင်ဘတ်တစ်ခုလုံး ပူလောင်နေတယ်။ သူ့ဘဝတစ်ခုလုံးကို တောင် စွန့်လွှတ်ပြီးချစ်လာခဲ့ရတဲ့ ယောကျ်ား။

အခုတော့ ...

"အဒေါ် ... ကလေးကိုခဏကြည့်ထားလိုက် ... "

စိတ်ကိုတင်းကာ အံကိုကြိတ်ရင်းပြောလိုက်တယ်။

"အေး ... အေး ... ရတယ် စိတ်ကိုတော့တင်းထားနော်"

တဲပေါ်မှဆင်းပြီး ထဘီကိုပြင်ဝတ်လျှက် ကိုမင်းဒင်အလောင်း ရှိရာ ရွာထိပ်ကိုပြေးထွက်လာတော့တယ်။

☠☠☠



www.burmeseclassic.com

အစိမ်းသေအဟောင်း ရှာထုတ်ယူမယ်ဆိုရင်
ဘာဖြစ်မလဲ ?

www.burmeseclassic.com

## အခန်း (၃)
## ရှာဝင်ခွင့်မရသော အလောင်းကောင်

"မောင် ... "

မစံပယ်ရဲ့အသံက တုန်ခါလို့နေတယ်။ ဇရပ်ပေါ်မှာ ဖျာလိပ်နဲ့ပတ်ထားတဲ့အလောင်းကို မစံပယ်ရောက်လာတော့ အစောင့်ရွာသားတွေကဖြေပြတယ်။

"အမလေး မောင်ရဲ့ ... "

ကိုမင်းဒင်ရဲ့ပုံကို မစံပယ်မြင်တော့ ရင်ထဲ ဘယ်လိုမှမခံစားနိုင်။ တစ်ကိုယ်လုံး ကျားကုတ်ထားတဲ့ဒဏ်ရာတွေက မြင်လို့တောင်မကောင်း။

မျက်နှာကလည်း ရုပ်ပျက်ဆင်းပျက်။

"အဖြစ်ဆိုးလှချည်လား မောင်ရယ် ... စံပယ်ဘယ်လိုဖြေရမှာလဲ"

ခြောက်ကပ်နေသောသွေးတို့က ကိုမင်းဒင်ခန္ဓာကိုယ်ပေါ်မှာ



www.burmeseclassic.com

www.burmeseclassic.com



မြင် မကောင်းတော့။ ကျားကုတ်ထားတဲ့ ဒဏ်ရာတွေကလည်း ခန္ဓာကိုယ် အနှံ့။ ခြေတောက်တစ်ဖက်လည်း မရှိတော့။

မစံပယ်ကတော့ သူသိပ်ချစ်တဲ့လင်ယောကျ်ားကို ဖက်ကာငို တော့တယ်။

သိပ်မကြာခင်မှာပဲ သူကြီးနဲ့ရွာကလူကြီးတွေ ရောက်လာကြ တယ်။

"စံပယ် ... မင်းဒင်သေတာ ရွာပြင်တောထဲမှာသေတာဆို တော့ အလောင်းကိုရွာထဲယူလို့မဖြစ်ဘူး သေတာကလည်း အစိမ်းသေ၊ ရွာထဲထားရင် ရွာနာမှာပဲ ... ရွာနာရင်သိတဲ့အတိုင်း အလောင်းက ဆက်ဦးမယ်"

"ရှင်"

မစံပယ်က မျက်ရည်တွေနဲ့သူ့ကိုပြောနေတဲ့ သူကြီးကို မော့ ကြည့်တယ်။

ရွာလူကြီးတစ်ဦးကလည်းဝင်ပြီး ...

"ဟုတ်တယ် ... အလောင်းကိုရွာထဲသယ်ဖို့ ဘယ်ဖြစ်မှာလဲ၊ ရွာပြင်မှာပဲထား ... "

"သူကြီးရယ် ... ကျွန်မယောကျ်ားအလောင်းကို အိမ်ရှေ့မှာ ထားပါရစေ၊ သူ့ခမျာ အသေဆိုးနဲ့သေရတဲ့အထဲ ရွာပြင်ဇရပ်မှာ အခုလို ဖျာလိပ်နဲ့ပတ်ထားတာ ကျွန်မရင်ထဲ မချိလွန်းလို့ပါ"

မစံပယ်က သူကြီးရှေ့ ဒူးတုပ်ပြီးတောင်းပန်တယ်။ ဒါပေမဲ့ ရွာသားတွေက တစ်ယောက်တစ်ပေါက်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဘယ်ဖြစ်မလဲ ထုံးစံမှမဟုတ်တာ"

"သေတာလည်းအစိမ်းသေ ... ရွာကို ဒုက္ခပေးမှာပေါ့ သူကြီး၊ ကျုပ်တို့လက်မခံဘူးနော်"

"ဟုတ်တယ် ... မင်းဒင်က တစ်သက်လုံး အကုသိုလ်လုပ်လာတာ သရဲတစ္ဆေဖြစ်နေရင် ရွာကိုဒုက္ခပေးမှာပေါ့ ... ဘယ်ဖြစ်မလဲ"

ရွာသားတွေပြောနေကြတဲ့အသံကြောင့် သူကြီးက ...

"ကဲ ... မစံပယ် ကြားတဲ့အတိုင်းပဲ ရွာကလက်မခံတော့ တို့လည်း ဘာမှလုပ်ပေးလို့မရဘူး"

"သူကြီးရယ် ... သင်္ဂြိုဟ်တဲ့အခါကျရင် ရွာထဲကဖြတ်ပြီး အလောင်းသယ်ရမှာပဲမလား"

မစံပယ်ရဲ့စကားကြောင့် သူကြီးစဥ်းစားရခက်သွားတယ်။ အလောင်းရှိရာဇရပ်က ရွာအရှေ့ဖျားမှာရှိပြီး သင်္ချိုင်းက ရွာအနောက်ဘက် ရွာပြင်မှာဆိုတော့ အလောင်းကိုရွာထဲက ဖြတ်သယ်ရမှာပဲလေ။ ဒါကြောင့်လဲ ...

သူကြီးက ဘာပြောရမှန်းမသိဖြစ်နေစဥ် ...

"ဒါကလွယ်ပါတယ် ... အလောင်းကို ရွာထဲဖြတ်သယ်ဖို့လည်းမလိုအောင် ဇရပ်ဘေးက လက်ပံပင်ကြီးအောက်မှာသာ မြှုပ်လိုက် ..."

"ရှင်"

ရွာသားတစ်ဦးရဲ့စကားကြောင့် မစံပယ်ရင်ထဲ ဟုန်းခနဲဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သေတာတောင် သင်္ချိုင်းမှာ သင်္ဂြိုဟ်ခွင့်မရတဲ့ သူ့ယောက်ျား အဖြစ်ကို ရင်ထုမနာဖြစ်မိတယ်။

"ဟုတ်တယ် ... ကိုအေးဝင်းပြောတာမှန်တယ်၊ ဖရပ်ဘေး က အပင်အောက်မှာပဲ သင်္ဂြိုဟ်တော့ ရွာထဲလည်းဝင်စရာမလိုဘူး၊ ပြီးတော့ ... ရွာအတွက်လည်း အစောင့်ရတာပေါ့"

"ဟား ... ဟား ... ဟား ..."

ကိုစိန်ဦးရဲ့စကားကြောင့် ရွာသားတွေပွဲကျသွားတယ်။ လင်သေ လို့အပူမီးတောက်နေတဲ့ မစံပယ်ကို ဝိုင်းမနှစ်သိမ့်ကြတဲ့အပြင် ရယ် စရာပျက်လုံးတစ်ခုထုတ်သလို ပြောဆိုရယ်မောနေကြသူတွေကို မစံပယ် လွန်စွာဒေါသထွက်သွားတယ်။

ဒါကြောင့်လဲ ...

မတ်တတ်ထရပ်ပြီး မျက်ရည်တွေကိုသုတ်ကာ ...

"ရတယ်လေ ... ရှင်တို့သဘောအတိုင်းပဲ ကျွန်မယောက်ျား ကို ဖရပ်ဘေးက လက်ပံပင်အောက်မှာပဲ သင်္ဂြိုဟ်လိုက်မယ်၊ တစ်ခု တော့ရှိတယ် ... ခုန ရှင်တို့ပြောသလို ကျွန်မယောက်ျားက ရွာကို စောင့်မှာတော့မဟုတ်ဘူး၊ သူ့အလောင်းကို သင်္ချိုင်းမှာ သင်္ဂြိုဟ်ခွင့် တောင်မပေးတဲ့ ရှင်တို့ကိုခြောက်မှာ ..."

"ဘာ ..."

ရွာသားတွေက ဒေါသထွက်ကာ မစံပယ်ကို ကြည့်တယ်။ မစံပယ်ရဲ့မျက်နှာကတော့ ခပ်တင်းတင်းပဲ ...

သူကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ငါတို့က အကျိုးသင့်အကြောင်းသင့်ပြောတာ နင်က ရန်ပြန်တွေ့တယ် ... ရတယ် ... ဟော့ ... လာကြ၊ သူ့လင်နာရေးကို ဘာမှကူစရာမလိုဘူး ...

နင်လည်းမှတ်ထား နင့်လင်ကို နင့်ဘာသာသင်္ဂြိုဟ်၊ နင့်ဘာသာ ဆွမ်းသွတ်၊ ငါတို့ရွာက ဘာမှလုပ်မပေးဘူး"

"ရတယ် ... ကျွန်မယောက်ျားကို ကျွန်မဘာသာ သင်္ဂြိုဟ်မယ်"

မစံပယ်လည်း ခပ်တင်းတင်းပြန်ပြောလိုက်တယ်။

သူကြီးက ...

"ကဲ ... ဟော့ လာသွားကြမယ် ... ဘယ်သူမှ မင်းဒင်အသုဘကို လာစရာမလိုဘူး"

ပြော၍ ရွာသားများကိုခေါ်ကာ ရွာထဲကိုပြန်ဝင်သွားတော့တယ်။ ကိုမင်းဒင်ကလည်း ဒီရွာမှာ ဆွေမရှိမျိုးမရှိ။ သူ့ဖခင် မုဆိုးကြီးကလည်းရွာနဲ့ ခပ်ကင်းကင်းနေခဲ့တာ။ မိခင်ကလည်း ဒီရွာသူမဟုတ်။ ဟိုးအထက်ဘက်က ကိုမင်းဒင်တို့သားအဖကို ရွာက အရင်တည်းက မုဆိုးအလုပ်လုပ်တယ်၊ အကုသိုလ်နဲ့အသက်မွေးတယ်ဆိုပြီး လူရာမသွင်းကြ။ မင်းဒင်မိခင်ကလည်း ကိုမင်းဒင် ငါးနှစ်လောက်တည်းက ဆုံးပါးသွားတာဆိုတော့ ရွာထဲကလူတွေနဲ့ သူတို့သားအဖ အရောတဝင်မရှိတော့။

မစံပယ်ကလည်း ဒီရွာသူမဟုတ်ပြန်တော့။ ရွာကလူတွေက ထောက်ထားစရာမလိုဟု ယူဆထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပူနဲ့မောင် ... မောင့်ကို စံပယ်ကိုယ်တိုင် သဂြိုဟ်ခဲ့မယ်"

မစံပယ်က အံကိုကြိတ်လျက် ကိုမင်းဒင်အလောင်းကိုကြည့်ပြီး ပြောလိုက်တယ်။

သိပ်မကြာပါ။ ဒေါ်မြအေးက သူ့သမီးလေးကို ပွေ့လျက် သူ့သား ဖြိုးဦးနဲ့အတူ မစံပယ်ဆီရောက်လာတယ်။

"ဘယ်လိုဖြစ်ကြတာလဲ စံပယ်ရယ် ... သာရေးနာရေးဆိုတာ ရပ်နဲ့ရွာနဲ့လုပ်မှ ဖြစ်တာမလား"

"မလိုဘူးအဒေါ် ... သူတို့ကကူညီဖို့လာတာမဟုတ်ဘူး နှိမ်ဖို့ရောက်လာတာ ကျွန်မတို့က ဆွေမရှိမျိုးမရှိပေမယ့် အခုလို သေသွားတဲ့ ကျွန်မယောက်ျားကိုနှိမ်တာ လုံးဝလက်မခံဘူး"

"အေးပါဟယ် ... ရော့ ... ကလေးနို့တိုက်လိုက်ဦး။ ကလေး က နို့ဆာနေတယ်၊ ငိုနေတာမနည်းချော့ရတယ်"

မစံပယ်က ဒေါ်မြအေးလက်ထဲက ကလေးကိုယူ၍ နို့တိုက်တယ်။ ကလေးကနို့ကို အငမ်းမရစို့ပေမယ့် အပူသောကကြောင့် နို့ကမထွက်ချင်ဘူး။ သမီးလေးကိုကြည့်ပြီး မစံပယ်ရဲ့မျက်ရည်တို့ ပါးပေါ်စီးကျလာတယ်။

ဒေါ်မြအေးက ...

"စံပယ် ... ရွာကလည်းမကူဘူး၊ သင်္ချိုင်းမှာလည်းသွားမချရဘူးဆိုတော့ မင်းဒင်အလောင်းကို ဘယ်လိုလုပ်မလဲ"

"ရတယ် ... ကျွန်မဘာသာသဂြိုဟ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ဖြစ်ပါ့မလား"

ဒေါ်မြအေးက စိုးရိမ်စွာပြောတယ်။

"ဖြစ်တယ်အဒေါ် ... ကျွန်မကို တစ်ခုပဲကူညီပေး၊ အဒေါ် ဒီကပြန်ရင် မနက်ဖြန် မနက်ပိုင်းဆရာတော်ကို ဒီကိုကြွလာပေးဖို့ အဒေါ်လျှောက်ပေးပါ"

"လျှောက်ပေးမယ် ... စံပယ်လည်း အိမ်ပြန်လိုက်မှာမဟုတ်ဘူးလား"

"ဟင့်အင်း ... မလိုက်ဘူး၊ ဒီည မောင့်အလောင်းကို ကျွန်မစောင့်မယ်"

"စံပယ် ... ဖြစ်ပါ့မလား၊ စိတ်ထင်ရာတွေလျှောက်မလုပ်နဲ့ ပြီးတော့ ... ကလေး ... "

မစံပယ်က စိတ်ကိုတင်းလျက် ...

"ကလေးလည်း ကျွန်မပဲခေါ်ထားမှာပါ၊ မောင်က ကလေးရဲ့ အဖေပဲ ... ကလေးတော့ ဘာမှမဖြစ်လောက်ပါဘူး။ ကလေးအတွက် လိုအပ်တဲ့ပစ္စည်းတွေ ကျွန်မအိမ်ကယူပြီး လာပို့ပေးနိုင်မလား"

"ရတယ်အစ်မ ... ကျွန်တော်ယူလာပေးမယ်၊ ပြီးတော့ အစ်မကိုဝိုင်းကူစောင့်ပေးမယ်"

ဒေါ်မြအေး သား ဖြိုးဦးက မစံပယ်အား ဂရုဏာသက်စွာ ဝင်ပြောတယ်။

"အင်း ... စံပယ်ရယ် ... နင်အရမ်းသတ္တိရှိတာပဲ၊ ရွာက လူတွေကလည်း တစ်ယူသန်၊ သူကြီးကလည်း တစ်ယူသန်ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



နင့်အဖြစ်ကဆိုးတာပေါ့ ...

ဖြိုးဦး နင့်အစ်မကို ကူပေးလိုက်သိလား"

"ဟုတ်ကဲ့ အမေ ..."

ဖြိုးဦးက ဆယ့်ငါးနှစ်သားလောက်ပေမယ့် အရပ်ရှည်ရှည်၊ ကိုယ်လုံးတောင့်တောင့်၊ လယ်အလုပ်လုပ်ပေမယ့် အားတဲ့အခါ ကိုမင်းဒင်တောဝင်တာနဲ့ကြုံရင် လိုက်သွားတတ်တယ်။

မုဆိုးအလုပ်ကို စိတ်ဝင်စားပေမယ့် မုဆိုးမ မိခင်ကြီးကို လယ်အလုပ်လုပ်ပေးရတာကြောင့် အားတဲ့အခါသာလိုက်သွားခြင်းလည်း ဖြစ်တယ်။

"ငါသွားတော့မယ်စံပယ် ... လိုအပ်တာ ဖြိုးဦးကို ထည့်ပေးလိုက်မယ်၊ ဆရာတော်ကိုလည်း ဝင်လျှောက်လိုက်မယ်"

"ဟုတ်ကဲ့"

ဒေါ်မြအေးတို့သားအမိထွက်သွားတော့ မစံပယ်လည်း ကလေးကိုအောက်သို့ အသာချထားလိုက်တော့ ကလေးကငြိမ်သက်စွာအိပ်နေတယ်။ ဇရပ်အနီးက ရေကန်မှာ ပါလာတဲ့သဘက်ကိုနှစ်လျှက်ညှစ်ပြီး ကိုမင်းဒင်ကိုယ်ပေါ်က ခြောက်နေတဲ့သွေးတွေကို သုတ်ပေးလို့နေလေတော့တယ်။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

နောက်ဆုံးအတ္ထုပ္ပတ္တိရတာဆိုပြီး အလောင်းနဲ့
အတ္ထုပ္ပတ္တိတော့ ... ဘာတွေဖြစ်ကြလဲ ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

## သံယောဇဉ်တစ္ဆေလင်သား

"မိန်းကလေး ... ကလေးနဲ့အိမ်ပြန်အိပ်ပါလား၊ ဦးကြီးနဲ့ ဒီက မောင်ဖြိုးဦးတို့ မောင်မင်းဒင်အလောင်းကို ညစောင့်ပေးမယ်"

ကပ္ပိယကြီးအား ရွာကျောင်းဆရာတော်က ဖြိုးဦးနှင့်အတူထည့်ပေးလိုက်တာကြောင့် ဇရပ်ကိုရောက်လာပြီးပြောတယ်။

"ရပါတယ် ကပ္ပိယကြီး ... ကျွန်မယောက်ျားကို မနက်ဖြန်သင်္ဂြိုဟ်မှာပါ၊ ဒီတစ်ညတော့ ကျွန်မတို့သားအမိ သူ့ဘေးနားမှာအတူရှိချင်ပါတယ်"

"ကလေးအတွက် မသင့်တော်ဘူးထင်လို့ပါ မိန်းကလေး"

ကပ္ပိယကြီးက အကျိုးအကြောင်းသင့်အောင် ရှင်းပြပေမယ့် ခစံပယ်က လက်မခံဘူး။

"ရပါတယ် ကပ္ပိယကြီးရယ်"

"အင်းလေ ... အဲလိုဆိုလည်း မိန်းကလေးရဲ့ဆန္ဒပါ၊ ကဲ



www.burmeseclassic.com

www.burmeseclassic.com



ကလေးကိုအောက်မှာချမသိပ်နဲ့ အေးတယ် ... မောင်ဖြိုးဦး ပုခက်ဆင်လိုက်ပါကွာ''

''ဟုတ်ကဲ့''

ဖြိုးဦးကယူလာတဲ့ စောင်နဲ့ကြိုးတို့ကို တန်းမှာချီပြီး ပုခက်ဆင်ပေးတယ်။ မစံပယ်လည်း ကလေးကိုပုခက်ထဲထည့်ပြီး သိပ်ထားတယ်။

မစံပယ်က စောင်နဲ့ကိုမင်းဒင်အလောင်းကို လွှမ်းထားတယ်။

''ရွာကလူတွေက အတော်ခက်တယ်၊ လူဆိုတာ အားလုံးသေမျိုးတွေပဲ၊ ရွာထဲမှာသေလို့ ရွာပြင်မှာသေလို့ အစိမ်းသေလို့ အမျိုးမျိုး အမည်နာမတွေတပ်နေကြတာ၊ တကယ်တော့ သေတာကသေတာပဲ၊ ဘာမှမထူးဘူး ... အခု မောင်မင်းဒင်အလောင်းကိုရွာထဲကဖြတ်ပြီး သင်္ချိုင်းမှာသင်္ဂြိုဟ်မခံဘဲ ရွာထိပ်မှာပဲဖြစ်သလိုသင်္ဂြိုဟ်နိုင်း ပြန်တယ် ...

ဘုရားဟောကျမ်းဂန်တွေထဲမှာ သုသာန်မဖြစ်တဲ့မြေ မရှိဘူးလို့ အတိအလင်းရေးထားတာပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် အားမငယ်နဲ့မိန်းကလေး ... ကံစီမံရာအတိုင်းပေါ့''

''ဟုတ်ကဲ့ပါ ကပ္ပိယကြီး''

''ဆရာတော်လည်း မနက်ရောက်ရင် ကြွလာမှာပါ၊ မောင်မင်းဒင်ကို သရဏဂုံတင်ပေးလိမ့်မယ်၊ မောင်မင်းဒင်အတွက်ရည်စူးပြီး အလှူတစ်ခုခုတော့ လုပ်စေချင်တယ်''

ကပ္ပိယကြီးကပြောတော့ မစံပယ်က ...



www.burmeseclassic.com

www.burmeseclassic.com



"လှူမှာပါ ကပ္ပိယကြီး၊ မောင်ဟာ ကျွန်မတို့သားအမိ ဝမ်းဝဖို့ ရှာကျွေးနေတဲ့ ကျေးဇူးရှင်ကြီးပါ၊ သူကောင်းရာမွန်ရာရောက်ဖို့ စုထားတဲ့ငွေကြေးလေးတွေ အကုန်လှူမှာပါ"

"အေး ... အေး ... ကောင်းပါတယ်ကွယ်"

မစံပယ်အား ကပ္ပိယကြီးက သံဝေဂရဖွယ် တရားဓမ္မပုံပြင်တွေကို ပြောပြတယ်။ မစံပယ်က နားထောင်တယ်။

အရင်ထဲက ဆရာတော်ထံ အသားခြောက်များ သစ်သီးများ လာလှူတဲ့အခါ ကပ္ပိယကြီးနဲ့ အမြဲဆုံတာကြောင့် မစံပယ်နဲ့ကပ္ပိယကြီးတို့က အလွန်ရင်းနှီးတယ်။

"မိန်းကလေး ... မောင်မင်းဒင်လည်းဆုံးသွားပြီဆိုတော့ မိန်းကလေးနဲ့ကလေး ရပ်တည်ဖို့ ဘယ်လိုလုပ်ကြမလဲ"

"အခုချိန်မှာ အဲဒါတွေ မစဉ်းစားမိသေးပါဘူး ကပ္ပိယကြီးရယ်"

"ဟုတ်ပါတယ်လေ ... အချိန်ယူပြီး စဉ်းစားပါ၊ သေသွားတဲ့လူလည်းသေသွားပြီဆိုတော့ ကျန်ရစ်သူကသာအဖြစ်သင့်ဆုံးကို လုပ်ရမှာပါ"

"ဟုတ်ကဲ့ပါ"

မစံပယ်က ခေါင်းညိတ်လိုက်တယ်။ ဖြိုးဦးက မစံပယ်အနားလာပြီး ...

"မစံပယ် ထမင်းစားပါလား၊ အမေက ထမင်းထုပ်ပေးလိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မစားတော့ဘူး မောင်လေး ... ထမင်းထုပ် တော့ အစ်မကိုပေး ..."

"ရော့ ... အစ်မ ... "

ဖြိုးဦးပေးတဲ့ ထမင်းထုပ်ကို မစံပယ်ကယူပြီး ကိုမင်းဒင် ခေါင်း ဘေးမှာ ဖက်ကိုဖွင့်ပြီးချပေးတယ်။

"မောင့်ကိုကျွေးတာပါ စားနော် ... "

ပါးစပ်ကလည်းပြောပြီး ဇရပ်ထောင့်မှာထားတဲ့ သောက်ရေအိုး ကရေတစ်ခွက်ကိုခပ်ပြီး ချပေးပြန်တယ်။

"ရေလည်းသောက်ပါ မောင်ရယ် ... "

မစံပယ်ရဲ့ ပုံစံက အရူးတစ်ယောက်လို ပုံစံမျိုးဖြစ်နေတယ်။ သူ့ခမျာ သိပ်ချစ်တဲ့လင်ယောက်ျား အခုလိုမမျှော်လင့်ဘဲ ဆုံးသွား တော့ ရင်မှာတောက်လောင်နေတဲ့ ပရိဒေဝအပူမီးက ငြိမ်းဆည်နိုင် ဘူး။

ခဏ ခဏငိုလေ့ရှိတဲ့ သမီးလေးက အခုဆို မငိုတော့ဘဲ ငြိမ်သက်စွာ ပုခက်ထဲမှာအိပ်ပျော်နေတယ်။

အဲလိုနဲ့ တဖြည်းဖြည်း ညရောက်လာတယ်။ ဖြိုးဦးက ဇရပ် ထောင့်မှာမှီရင်း အိပ်ပျော်နေတယ်။ ကပ္ပိယကြီးကတော့ ဇရပ်ခေါင်း ရင်းမှာထိုင်လို့ မေတ္တာသုတ်ကို ရွတ်ဖတ်နေတယ်။ မစံပယ်ကတော့ သူ့သမီးလေးကို သူ့ဘေးချသိပ်ပြီး ကိုမင်းဒင်အလောင်းကိုကြည့်နေ တယ်။

ဇရပ်မှာ ထွန်းထားတဲ့ ရေနံဆီမီးခွက်ရဲ့အလင်းကတော့ ဇရပ်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံးကို လင်းထိန်မနေပေမယ့် အလင်းဖျော့ဖျော့လောက်တော့ ဖြာကျနေတယ်။

အဲဒီအချိန်မှာပဲ ...

“ဝေါ ... ”

လေပြင်းတစ်ချက်က ဝေ့တိုက်လို့သွားတော့ ရေနံဆီမီးခွက်လည်း ငြိမ်းလို့သွားတာကြောင့် ဇရပ်တစ်ခုလုံး မှောင်ကျသွားတယ်။

ကပ္ပိယကြီးကတော့ မေတ္တာသုတ် ရွတ်ဖတ်နေတုန်းပဲ။

မစံပယ်ကတော့ ငိုက်ခနဲ ဖြစ်သွားတဲ့အခါမှာတော့ ... ။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

မစံပယ်ရဲ့လက်ကို ရုတ်တရက် ပုတ်လိုက်တာကြောင့် ဆတ်ခနဲ ကြည့်လိုက်တော့ ကိုမင်းဒင် ... မျက်နှာနဲ့ခန္ဓာကိုယ်မှာ ဒဏ်ရာတွေက နည်းတာမဟုတ်။

"မောင် ... မောင် ... ဘာမှမဖြစ်ဘူးနော်"

မစံပယ်က အသံတုန်တုန်နဲ့ပြောလိုက်စဥ် ကိုမင်းဒင်က မစံပယ်ရှေ့မှာ ထိုင်လိုက်တယ်။ ညှီစို့စို့ အနံ့အသက်များကလည်း နံ့နေတယ်။

"စံပယ်"

"မောင်"

ကိုမင်းဒင်ရဲ့အသံက ဆို့နင့်နေတယ်။

"သမီးလေးကို ဂရုစိုက်ပါစံပယ်ရယ်၊ မောင် ... စံပယ်တို့ သားအမိနဲ့ နေခွင့်ရမှာမဟုတ်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com


"ဟာ ... မောင် ဘာတွေပြောနေတာလဲ"

"မောင်တကယ်ပြောတာပါ ... စံပယ်တို့သားအမိကိုလည်း စိတ်မချဘူးကွာ"

"ဟင့်အင်း ... မောင် စံပယ်တို့သားအမိနားမှာပဲ နေရမယ်"

စံပယ်က ကိုမင်းဒင်ကိုဖက်မည်လုပ်တော့ ကိုမင်းဒင်က ခန္ဓာကိုယ်ကို နောက်ကိုအလျင်အမြန် ဆုတ်လိုက်တယ်။

"စံပယ် ... မောင့်ကိုမဖက်ပါနဲ့"

"ဘာ ... ဘာလို့လဲမောင်"

"စံပယ်နဲ့မောင်တို့က ဘဝခြားသွားပြီ၊ အကုသိုလ်အကျိုးဆက်ကြောင့် မောင် ... တစ္ဆေကြီးဘဝရောက်နေတယ်"

"ဟင်"

ကိုမင်းဒင်ရဲ့ ညှိုးငယ်စွာပြောတဲ့စကားကြောင့် မစံပယ်အံ့သြသွားတယ်။

ကိုမင်းဒင်ကဆက်ပြီးတော့ ...

"စံပယ် ဘာမှမပူနဲ့ မောင် ... စံပယ်တို့သားအမိနားမှာ အမြဲရှိမယ်"

"မောင်ရယ်"

မစံပယ်ငိုရပြန်တယ်။ ချစ်ရလွန်းတဲ့ လင်ယောကျ်ားနဲ့သေကွဲကွဲခဲ့ရတဲ့ ဘဝကိုလည်း ရင်နာလို့မဆုံးဘူး။

"တစ်ခုတော့ရှိတယ်စံပယ် ... သမီးလေးကိုတော့ စံပယ်ကောင်းကောင်းမွန်မွန် စောင့်ရှောက်ပါ၊ အဝေးကိုလည်းထွက်မသွား


www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့ စံပယ်တို့သားအမိ ဒီရွာကလည်း ထွက်မသွားပါနဲ့၊ တစ်နေရာရာကိုထွက်သွားရင် မောင်လိုက်လို့ရမှာမဟုတ်ဘူး''

''စိတ်ချပါမောင် ... မောင်ဘယ်ဘဝရောက်ရောက် စံပယ်ချစ်နေမှာပါ ... မောင့်ကိုလည်းမခွဲဘူး''

''မောင်ယုံပါတယ် စံပယ်ရယ်''

ထိုစဉ်မှာပဲ ...

''အု ... ဂူး ... ''

ခွေးနက်ကြီးတစ်ကောင် ဇရပ်အဝင်ဝ၌ရပ်၍ နီရဲနေသောမျက်လုံးကြီးနဲ့ကြည့်ပြီး အူလိုက်တဲ့အသံကြောင့် မစံပယ် တစ်ကိုယ်လုံး ကြက်သီးနွေ ထသွားတယ်။

''စံ ... စံပယ် ... မောင် ... မောင်သွားတော့မယ်၊ ဟိုဟိုမှာ လာခေါ်နေပြီ''

''မောင် ... မောင်''

ကိုမင်းဒင်က ထိုင်ရာမှထ၍ ခွေးနက်ကြီးရပ်နေရာဆီသို့ ထွက်သွားရာ မစံပယ်ခေါ်တာကိုပဲ မကြားတော့ ...

မစံပယ် မတ်တတ်ထရပ်ဖို့ကြိုးစားသော်လည်း ဘယ်လိုမှထလို့မရ။ ထို့ကြောင့် ...

အာခေါင်ခြစ်ပြီး ကျယ်လောင်သောအသံဖြင့် ...

''မောင် ... ''

အော်လိုက်လေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

ယောက်ျားအဟောင်းကို သင်္ဂြိုဟ်ဖို့
ကိုယ်တိုင်မြေကျင်းတူးတော့ . . .
ဘာဖြစ်မလဲ ?

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၅)

## သေကွဲ ကွဲလည်း မခွဲနဲ့မောင်

"ဝါး ... ဝါး ... "

"မိန်းကလေး ... သတိထားစမ်း"

သမီးလေးရဲ့ငိုသံနှင့်အတူ ကပ္ပိယကြီးရဲ့ စိုးရိမ်တကြီးခေါ်သံကြောင့် မစံပယ် သတိဝင်လာတယ်။

"ဟင်"

သူမခန္ဓာကိုယ်က ထိုင်နေတာမဟုတ်။ ပက်လက်အနေအထား ဘေးဘက်ကိုကြည့်လိုက်တော့ ကိုမင်းဒင်ရဲ့အလောင်းက စောင်အုပ်ထားလျှက်ပင်။

"လူလေး ... သောက်ရေတစ်ခွက်လောက်ခပ်လာခဲ့၊ မိန်းကလေးကို တိုက်ရအောင်"

"ဟုတ်ကဲ့ အဘ"

ဖြိုးဦးက သောက်ရေတစ်ခွက်ခပ်ကာ မစံပယ်ကိုပေးတော့



www.burmeseclassic.com

www.burmeseclassic.com



မစံပယ်က သောက်လိုက်တယ်။ ဘေးမှာငိုနေတဲ့ ကလေးကို ချော့ကာ နို့တိုက်တယ်။

"အဘလည်း တစ်ချက်ငိုက်သွားတာ မိန်းကလေးအသံကြား လို့ လန့်နိုးလာတာလေ ... မိန်းကလေး အိပ်မက်ဆိုးတွေမက်တယ် ထင်တယ်"

"အိပ်မက်ဆိုး"

မစံပယ် သူ့ကိုယ်သူပြန်စဉ်းစားတယ်။ သူမောင်နဲ့စကားပြော ခဲ့ကြတာ အိပ်မက်ဆိုးလား။

"ဟုတ်တယ် မိန်းကလေး ... ကဲပါလေ ကလေးသိပ်ပြီးရင် အိပ်ပျော်အောင်သာအိပ်လိုက်ပါ၊ မိန်းကလေးလည်း ပင်ပန်းလှပါ တယ်"

"အင်း"

ကပ္ပိယကြီးစကားကို ခေါင်းညိတ်လိုက်ပေမယ့် မစံပယ်မအိပ် ပါ။ ကိုမင်းဒင်အလောင်းကိုသာ ငေးလိုက်။ ဟိုတွေး ဒီတွေးလိုက်နဲ့ မိုးသာလင်းလို့သွားတော့တယ်။

ဖြိုးဦးက မနက်သရေစာအတွက် အိမ်ပြန်ယူပြီး ပြန်လာတော့ ဒေါ်မြအေးပါ လိုက်လာတယ်။

"ငါဖြင့် စိတ်ပူလိုက်ရတာ စံပယ်ရယ် ... နင်တကယ် သတ္တိရှိတာပဲ"

"ကိုယ့်ကို ရှာဖွေကျွေးတဲ့ လင်ယောက်ျားကတောင် အသက် စွန့်ပြီး သွားသေတာ၊ သူ့ဘေးမှာဘာလို့မနေရဲရမှာလဲ အဒေါ်ရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ မကြောက်ပါဘူး ...

မောင်ဟာ ကျွန်မတို့သားအမိနားမှာ အမြဲရှိနေမယ်ဆိုတာ ကျွန်မယုံတယ်''

မစံပယ်က ရင်ထဲက ခံစားချက်အပြည့်နဲ့ ဒေါ်မြအေးကိုပြော လိုက်တယ်။

''မောင်မင်းဒင်ကို ဟိုအပင်ကြီးအောက်မှာပဲ သဂြိုဟ်မှာ မလား''

''ဟုတ်တယ်လေ ဘာလို့လဲအဒေါ်''

''ဖိုးဦးကိုမြေကျင်းတူးခိုင်းရမှာပေါ့၊ စံပယ်က မိန်းမသားဆို တော့ ဘယ်တူးနိုင်မလဲ''

မစံပယ်က ခေါင်းခါလိုက်တယ်။ ပြီးတော့ ...

''ကိစ္စမရှိပါဘူးအဒေါ် ... ကျွန်မယောက်ျားကို သဂြိုဟ်ဖို့ ကျွန်မကိုယ်တိုင် မြေကျင်းတူးမှာပါ''

''ဟာ ... မဟုတ်တာ၊ ကျွန်တော်တူးပါ့မယ်၊ ပေါက်တူးနဲ့ ဂေါ်ပြားတောင်ယူလာပြီးပြီ''

ဖိုးဦးကပါဝင်ပြောပေမယ့် မစံပယ်က ...

''ရတယ် ဖိုးဦး၊ အစ်မဘာသာတူးပါ့မယ်၊ ကိစ္စမရှိဘူးအစ်မ ယောက်ျားကို နောက်ဆုံးကျေးဇူးဆပ်တဲ့အနေနဲ့ ကိုယ်တိုင်သဂြိုဟ် မှာပါ''

ဆိုပြီး ကလေးကို ဒေါ်မြအေးလက်ထဲထည့်ပြီး ဇရပ်အောက်မှာ ချထားတဲ့ ပေါက်တူးနဲ့ဂေါ်ပြားကိုယူပြီး ကိုမင်းဒင်ကို သဂြိုဟ်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လက်ပံပင်အောက် မြေကွက်လပ်ကို တူးတော့တယ်။

"ဟင်း"

ဒေါ်မြအေးက မစံပယ်ကိုကြည့်ပြီး စိတ်မကောင်း။ ကပ္ပိယကြီးက ...

"မိန်းကလေးက သူ့ယောက်ျားကို အတော်ချစ်ရှာတယ်၊ ညကလည်း တစ်ညလုံးအလောင်းကို တကြည့်ကြည့်နဲ့၊ ခုလဲ ... မြေကျင်းတူးနေတာ ချွေးတရွှဲရွှဲနဲ့ ..."

"ဟုတ်တယ် ကပ္ပိယကြီး၊ စံပယ်က သူ့ယောက်ျားကိုသိပ်ချစ်တာ၊ သူ့ယောက်ျားကလည်း စံပယ်ကိုသိပ်ချစ်တယ်၊ သူတို့အဖြစ်က သနားစရာကောင်းပါတယ်"

"ဟုတ်တယ် ... ရွာကလူတွေကလည်း တယူသန်တွေ၊ ဒုက္ခရောက်သူကို ဖေးမရမယ့်နေရာမှာ ဝိုင်းအပြစ်တင်ကြတယ်၊ ပယ် ထားကြတယ် ... မိန်းကလေးက သတ္တိတော့ ရှိတယ်နော်"

ကပ္ပိယကြီးက ခေါင်းတညိတ်ညိတ်နှင့် မစံပယ်ကိုကြည့်ပြီး ပြောတယ်။ ဖိုးဦးက မစံပယ်ဘေးသွား၍ ဝိုင်းကူဖို့ ပြောသော်လည်း မစံပယ်က ဘယ်လိုမှလက်မခံ။ သူ့ဘာသာ မြေကျင်းကိုတူးနေတယ်။

တဖြည်းဖြည်း အချိန်ကြာလာတော့ မြေကျင်းလည်းတူးလို့ပြီး သွားတာကြောင့် မစံပယ်လည်း ဇရပ်ပေါ်တက်လာတယ်။

"စံပယ်ရယ် ... ပင်ပန်းလိုက်တာ"

ဒေါ်မြအေးက မသက်မသာပြောတယ်။ မစံပယ်ရဲ့လက်တွေလည်း ပေါက်ပြဲနေတာ သွေးချင်းချင်းနီရဲနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြာခင်မှာပဲ ရွာကျောင်းကဆရာတော် ကြွလာတယ်။ ဒေါ်မြအေး စီစဉ်ပေးတဲ့ဆွမ်းကို ဆရာတော်အား ကပ်လှူပြီးတော့ ဆရာတော်က ကိုမင်းဒင်အလောင်းကိုကြည့်ပြီး သရဏဂုံတင်ပေးတယ်။ ဆရာတော်က မေတ္တာရှေ့ထားပြီး လိုအပ်တာတွေ ဆောင်ရွက်ပြီးတော့ ...

"ဒကာမလေး ဒကာမင်းဒင်ကို ဘယ်တော့သင်္ဂြိုဟ်မလဲ"

"ဆရာတော် ကျောင်းပြန်ကြွတာနဲ့သင်္ဂြိုဟ်ပါ့မယ်"

မစံပယ်က တရိုတသေ ပြန်လျှောက်တယ်။ ဆရာတော်က

"သင်္ဂြိုဟ်လိုက်ပါ ဒကာမလေး ... လူဟာသေပြီးတဲ့အခါ ခန္ဓာဟာဘာမှအသုံးမဝင်ပါဘူး၊ ကျန်ရစ်သူအနေနဲ့ ဒီရုပ်ခန္ဓာကြီးကို ကြည့်ပြီး ပူဆွေးသောကဖြစ်နေတာပဲရှိမယ်၊ ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ ဘုန်းဘုန်းပြောချင်တာက လူဟာသေတာနဲ့ ဘဝတစ်ခုကူးဖို့ဆိုတာ သူပြုခဲ့တဲ့ ကုသိုလ် အကုသိုလ်နဲ့သာသက်ဆိုင်တယ် ...

ဘယ်လိုပဲဖြစ်ဖြစ် ကျန်ရစ်သူကလည်း သွားလေသူအတွက် အထောက်အပံ့ဖြစ်အောင်တော့ ကုသိုလ်ပြုအမျှဝေပေးနိုင်ရင် ကောင်းပါတယ်"

"တင်ပါ့ဘုရား ... တပည့်တော်ယောကျ်ားအတွက် တပည့်တော် အလှူကုသိုလ်ပြုပါ့မယ်"

"သာဓု ... သာဓု ... သာဓု ..."

ဆရာတော်ကသာဓုခေါ်ကာ ဇရပ်မှကျောင်းသို့ ပြန်ကြွသွားတော့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေး ... မိန်းကလေးယောကျ်ားကို သဂြိုဟ်တော့မလား"

"ဝါး ... ဝါး ... ဝါး ... "

ကပ္ပိယကြီးမေးလိုက်စဉ်မှာပဲ ဒေါ်မြအေးလက်ထဲမှ ကလေးက တိတ်နေရာမှ ရုတ်တရက်ထငိုတော့ မစံပယ်ရဲ့မျက်ရည်တွေ မြေမဆည်နိုင်။ သို့သော် ...

အံကိုတင်းတင်းကြိတ်လျှက် ...

"အခုပဲ သဂြိုဟ်တော့မယ် ကပ္ပိယကြီး ... "

"အေး ... အေး ... "

ကပ္ပိယကြီးနဲ့ဖိုးဦးက ကိုမင်းဒင်အလောင်းကိုမပြီး မြေကျင်းဆီကိုယူလာတယ်။ ကျင်းထဲမချမီ မစံပယ်က ဒူးထောက်ထိုင်ချကာ ကိုမင်းဒင်အလောင်းကို တရိုတသေ ကန်တော့တယ် ... ပါးစပ်ကလည်း လေသံတိုးတိုးနဲ့ ...

"စံပယ်တို့အနားမှာ အမြဲရှိနေပေးပါ မောင်ရယ် ... "

ပြောလိုက်တယ် ...

ကိုမင်းဒင်အလောင်းကို မြေကျင်းထဲချသဂြိုဟ်တော့ မစံပယ်ကိုယ်တိုင် ကျင်းထဲဆင်းပြီး အသာချပေးတယ် ...

ပြီးတော့မှ ကျင်းပေါ်တက်လာပြီး မြေကြီးကို ကိုယ်တိုင်ဖို့တော့တယ်။

အားလုံးပြီးတော့မှ ကလေးကိုချီလျှက် ...

"စံပယ် သွားတော့မယ်မောင် ... မောင့်ကို စံပယ်ကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



မှ မခွဲသလို စံပယ်ကိုလည်း မောင်ဘယ်တော့မှ မခွဲပါနဲ့ ...

မောင်ဘယ်ဘဝရောက်ရောက် စံပယ်ကိုလာခေါ်ပါ၊ မောင်နဲ့အတူ စံပယ် အတူနေမှာပါ ... ဒီစကားတွေဟာ စံပယ်ရဲ့သစ္စာစကားတွေပါ မောင်ရယ်''

''ရှဲ''

မစံပယ်ရဲ့စကားအဆုံးမှာ လက်ပံပင်ကြီးက ရုတ်တရက် ခါယမ်းသွားတယ်။

ဒါကိုသိတဲ့ ကပ္ပိယကြီးက ...

''မိန်းကလေး ... သံသရာဆက်မယ့်သစ္စာကို မဆိုသင့်ပါဘူး''

ပြောပေမယ့် မစံပယ်ကတော့ ကိုမင်းဒင်မြေပုံပေါ်က မြေခဲတစ်ခဲကိုကောက်လျက် သမီးလေးကိုချီကာ ရွာသို့သာလာခဲ့လေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အစိမ်းသေတစ္ဆေက နောက်ကလိုက်တော့
သူတို့ . . . ဘာဖြစ်မလဲ ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## ခွေးယောင်ဆောင်သောအစိမ်းသရဲ

"ဟော့ကောင် ငပေါက် ... သတိထားလျှောက်စမ်း သောက် လာတာချင်းအတူတူ မင်းကိုငါကတွဲနေရတယ်"

ငပေါက်နဲ့သံလုံးတို့ တခြားရွာကအလှူတွင် လုပ်ကိုင်ပေးပြီး ပြန်လာတော့ အလှူရှင်က အရက်တိုက်လိုက်သဖြင့် မူးပြီးပြန်လာ ကြတယ်။

အချိန်ကလည်း ညဉ့်နက်လို့နေလေပြီ။

"သံလုံး ... ငါမရတော့ဘူး ... အတော့်ကိုမူးနေပြီကွ၊ ဒီမှာ ပဲ အိပ်တော့မယ်ကွာ"

ငပေါက်က ယိုင်ထိုးနေရာမှ လမ်းပေါ်ဖင်ထိုင်ချကာပြောတော့ သံလုံးက စိတ်ပျက်စွာနဲ့ ...

"ဟော့ကောင် ... လမ်းမမှာအိပ်လို့ရမလား၊ မိုးတွင်းကြီးနော် သေသွားမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“သေပါစေကွာ ငါမှမလျှောက်နိုင်တော့တာ”

ငပေါက်ကလည်း ဖွတ်တရွတ် သံလုံးထူးတာကို လုံးဝမထ ပေနေတယ်။

“ရွာရောက်တော့မယ်ကွ ... ထပါကွာ”

“မထဘူးကွာ ... မင်းပြန်ချင်ပြန်တော့”

ငပေါက်က ခေါင်းမာစွာပြောတယ်။ ဇက်တောင်မခိုင်တော့ဘဲ ကျိုးလို့နေတယ်။ မျက်လုံးလည်းမဖွင့်နိုင်တော့ဘူး။ သူငယ်ချင်းချင်းဆို တော့ ထားခဲ့ဖို့လည်း မဖြစ်နိုင်။

ထို့အတွက်ကြောင့် ...

“ကဲ ... ကဲ ... ငါ့ကို ကုန်းပိုးလိုက်”

“ရတယ်သံလုံး ... နေ”

“ရတယ် လုပ်မနေနဲ့ ကဲ ... ပိုးစမ်းပါကွာ၊ စကားတွေရှည် မနေနဲ့”

သံလုံးက ငပေါက်ခန္ဓာကိုယ်ကြီးကိုရအောင် ကျောပိုးပြီးခေါ် လာတယ်။ ကြာကြာတော့ မပိုးနိုင်ဘူး။

ဒါကြောင့် ... ချလိုက်၊ ပိုးလိုက်နဲ့ခေါ်လာတာ။ ရွာထိပ်ဇရပ် ရောက်တော့ သံလုံးမောနေပြီ။ ဘယ်လိုမှ မပိုးနိုင်တော့။ ရွာထဲရောက် နေပြီဆိုတော့ စိတ်လျှော့လိုက်တာလည်းပါတာပေါ့။

“သံလုံး ... ငါ့အိမ်ရောက်ပြီလား၊ ကျေးဇူးပဲ ... မနက်ဖြန် မင်းကိုငါအရက်တိုက်ပါ့မယ်”

ငပေါက်က ဇရပ်ကြမ်းပေါ်လိမ့်ရင်းပြောတော့ သံလုံးက ...



www.burmeseclassic.com

www.burmeseclassic.com



"မင်းအိမ်မရောက်သေးဘူး ရွာထိပ်က ဇရပ်ရောက်နေတာ"

"ဟင်"

ရွာထိပ်ကဇရပ်ဆိုတော့ ငပေါက်ကျုံးထတယ်။ ဒါပေမဲ့ အလွန်မူးနေတာကြောင့် ပြန်လဲသွားတယ်။

"သံလုံး ... ဒီဇရပ်မှာ ဟိုတလောက မုဆိုးမင်းဒင် အလောင်းထားတာလေ ... "

"အေးလေ ... အဲဒါ ဘာဖြစ်လဲ"

သံလုံးက သရဲတစ္ဆေကို အယုံအကြည်မရှိ။ ကြောက်လည်းမကြောက်တတ်။

"ဘာဖြစ်ရမလဲ သူသေတာ ကျားကိုက်လို့သေတာ အစိမ်းသေကွ ... အစိမ်းသေဆို သရဲဖြစ်တာပဲ ငါကြောက်တယ် ... "

"ဟာ ... ဒီကောင်မူးနေတာတောင် သရဲကြောက်နေသေးတယ်၊ လုပ်မနေနဲ့ ... ဒီမှာအိပ်မယ် နိုးရင်ရွာထဲပြန်မယ်"

"ဟာ ... ငါကြောက်တယ် သံလုံး ... "

ငပေါက်က အရက်သောက်ပေပေတေတေနေတယ်ဆိုပေမယ့် သရဲတစ္ဆေကိုတော့ အလွန်ကြောက်တယ်။

လူကလည်း တအားမူးနေတော့ ဘယ်လိုမှမထနိုင်တော့ ဒုက္ခရောက်နေတယ်။ သံလုံးက သူ့အားလာလှဲပြီး ...

"စကားများမနေနဲ့ အိပ်တော့ ... မင်းအမူးပြေရင် ငါ့ကိုနိုးရွာထဲပြန်မယ်"

"မလုပ်နဲ့သံလုံး ... မင်းဒင်အလောင်းကိုလည်း ဒီအပင်



www.burmeseclassic.com

www.burmeseclassic.com



အောက်မှာ မြှုပ်ထားတာမလား"

"ဘာဖြစ်လဲကွာ ... စကားသိပ်များတာပဲ မင်းလည်း အအား မူးလို့လမ်းမလျှောက်နိုင်၊ ငါလည်းအရက်သောက်လာလို့ အိမ်ပြန်ရင် အဖေနဲ့ပြဿနာတက်မှာ အကောင်းဆုံးက ဒီမှာအိပ်"

ငပေါက် ဘယ်လိုမှဆက်ပြောလို့ မရမှန်းသိတာကြောင့် သံလုံး အားနားကွေးကွေးလေးခွေနေတယ်။

ခဏကြာတော့ ...

"အု ... ဂူး ... "

"ဟင်"

ဇရပ်ဘေးက လက်ပံပင်ကြီးအောက်မှ လွန်စွာကြောက်မက် ရာကောင်းတဲ့ ခွေးအူသံကို ကြားလိုက်ရတာကြောင့် ငပေါက်တစ် ကိုယ်လုံး ကြက်သီးနဲ့တွေ ထသွားတယ်။

"အု ... ဂူး ... "

"သံ ... သံလုံး ... ကြားလား"

ခွေးအူသံက ဇရပ်နှင်နီးလာတာကြောင့် ငပေါက်ကသံလုံးလက် ကို တွန်းပြီးပြောလိုက်တယ်။

"ခွေးအူတာပဲ ဘာဖြစ်လဲကွာ ... ဟင်"

သံလုံးက ပြောပြောဆိုဆိုနဲ့ ခေါင်းထောင်ကြည့်လိုက်ရာ ဇရပ် အဝင်ဝတွင် မျက်လုံးနှစ်ဖက်နီရဲနေသည့် ခွေးနက်ကြီးကိုတွေ့လိုက်ရ သာကြောင့် လွန်စွာ ထိတ်လန့်တုန်လှုပ်သွားတော့တယ်။

☠ ☠ ☠



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... "

ငပေါက်က အထိတ်တလန့်နှင့်ဖြစ်သွားသလို သံလုံးလည်းကြောက်လန့်စိတ်နဲ့ ခွေးနက်ကြီးကိုကြောင်ကြည့်နေတယ်။

"ဟင် ... နံ ... နံတယ် အပုပ်နံ့ကြီး ... "

ဆိုးရွားလှတဲ့ အပုပ်နံ့ကြောင့် ငပေါက်လည်းမူးနေတာတွေ ဘယ်ရောက်သွားမှန်းမသိတော့။

အသားတွေလည်း တဆတ်ဆတ်တုန်လာတယ်။

"ဟာ ... ခွေး ... ခွေးကြီး"

နီရဲနေသော မျက်လုံးနှင့်စိုက်ကြည့်နေသောခွေးကြီးရဲ့ပုံစံမှာ တဖြည်းဖြည်းနှင့် မင်းဒင်ရဲ့ပုံစံဖြစ်လာသလို ထင်ရတာကြောင့်

"လာ ... သံလုံး ... ပြေးမယ်"

"အေး"

နှစ်ယောက်သား ဇရပ်ပေါ်မှအောက်သို့ ခုန်ချကာ ပြေးထွက်လာတော့တယ်။

"အု ... ဝူး ... "



www.burmeseclassic.com

www.burmeseclassic.com


ခွေးနက်ကြီးကလည်း နောက်မှ တစ်ဟုန်ထိုးလိုက်လာတာ ကြောင့် သံလုံးနဲ့ငပေါက်တို့ ရွာထဲကိုပြေးဝင်လာတော့ ခွေးနက်ကြီးက ရွာထိပ်တွင် ရပ်ပြီးကျန်ခဲ့တယ်။

"သရဲလိုက်လို့ဗျို့ ... လုပ်ကြပါဦး"

မဲမှောင်တိတ်ဆိတ်နေသော ရွာထဲမှာ ငပေါက်ရဲ့အသံကြောင့် ရွာသားတွေ နိုးလာတယ်။

"ဘာဖြစ်တာလဲဟေ့ ... "

"သရဲလိုက်လို့ ... ရွာ ... ရွာထိပ်မှာ ... "

သံလုံးနဲ့ငပေါက်တို့နားကို ရွာသားတွေ ဝိုင်းအုံလာတယ်။

"ဟေ့ကောင်တွေ ဒါနောက်စရာကိစ္စမဟုတ်ဘူး ... ပြီးတော့ ညကြီးအချိန်မတော် ... "

"တကယ်ပြောတာဗျ"

သံလုံးက လွန်စွာမောဟိုက်တဲ့လေသံနဲ့ ရှင်းပြတယ်။ ဇရပ်မှာ သူတို့အိပ်ဖို့လုပ်နေစဥ်မှစပြီး ခွေးနက်ကြီးရဲ့ပုံစံက မင်းဒင်ရဲ့ပုံစံကြီး ဖြစ်သွားကာ သူတို့နောက်လိုက်လာကြောင်းကို အစအဆုံး ရှင်းပြ လိုက်တယ်။

"ဟုတ်လို့လားကွာ ... မင်းတို့က မူးမူးရူးရူးနဲ့မြင်ချင်တာ မြင်နေတာနေမှာပေါ့"

ရွာသားတွေက သိပ်မယုံကြ။

"ကဲပါကွာ ... ညဥ့်လည်းတအားနက်နေပြီ၊ မင်းတို့အိမ်ပြန် အိပ်တော့"


www.burmeseclassic.com

www.burmeseclassic.com



သံလုံးနဲ့ငပေါက်တို့ရဲ့ကိုယ်က အရက်နံ့တွေကြောင့် ရွာကလူတွေက မယုံကြ ...

"ဒီကောင်တွေ အရင်တည်းက လူပေလူတေတွေ ရွာကိုသက်သက်လန့်အောင်လုပ်တာနေမှာပါ အိပ်ရေးပျက်တယ်"

"ကိုလှစိုးကြီး မင်းဒင်သေတာ အစိမ်းသေလေ၊ အလောင်းကလည်း ဇရပ်ဘေးမှာ မြှုပ်ထားတာမလား၊ သူတို့မဟုတ်တာလုပ်လို့ မင်းဒင်ကခြောက်လိုက်တာနေမှာပေါ့"

တစ်ယောက်တစ်ပေါက် ထင်ရာကိုပြောနေကြတယ်။

"ကျုပ်ကတော့ မထင်ဘူး၊ ဒီကောင်တွေ ထင်ရာပြောတာဖြစ်မှာပါ ... "

"ဖြစ်နိုင်ချေကိုပြောတာ ... သူ့မယားကလည်း မင်းဒင်ရက်လည်ဆွမ်းသွတ်တာမဟုတ်ဘူး၊ အလောင်းသင်္ဂြိုဟ်ဖို့ကိစ္စတုန်းကလည်း ရွာနဲ့ပြဿနာ ဖြစ်ခဲ့တယ်မလား ...

ဒါကြောင့် ကျုပ်တို့ရွာသားတွေကို မင်းဒင်က အညှိုးနဲ့ခြောက်လှန့်တာနေမှာပေါ့"

"ဟုတ်တယ် ... ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်တို့သတိထားရမယ်"

တစ်ယောက်တစ်မျိုးပြောနေကြတယ်ဆိုပေမယ့် သူတို့စိတ်ထဲမှာ ယုံကြည်တာတစ်ခုတော့ရှိတယ်။ အဲဒါက ...

အစိမ်းသေ မင်းဒင်က ရွာကိုမကျေနပ်ဘူးဆိုတာပါပဲလေ။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

တစ္ဆေကအမျှပဲတောင်းစားတွေ

သာအောင် . . .

ဘာဖြစ်သွားလဲ ?

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

## အမဲသားတစ်တွဲပေးခဲ့ပါ

"စံပယ်ရယ် မင်းဒင်လည်းဆုံးပြီးပြီဆိုတော့ ဒီရွာမှာဘာလို့ ချို့ချို့ငဲ့ငဲ့နေမှာလဲ ... ကိုယ့်မိဘတွေရှိတဲ့မြို့ကို ပြန်ပါလားဟယ်"

ဒေါ်မြအေးက မစံပယ်ကို အကျိုးအကြောင်းသင့် ရှင်းပြတယ်။ ကိုမင်းဒင်ဆုံးတော့ မစံပယ်မှာဘာယ်ကမှဝင်ငွေမရှိ။ ကလေးတစ်ဖက်နဲ့တောင် ဖက်ခူးတဲ့အလုပ်ကိုလိုက်လုပ်ပြီး ရှာစားနေရတယ်။

ဒါကိုမကြည့်ရက်တဲ့ ဒေါ်မြအေးက စိတ်မကောင်းတာကြောင့် ပြောတာ ... မစံပယ်ကတော့ ...

"ကျွန်မ ... ကိုမင်းဒင်နဲ့နေခဲ့တဲ့ ဒီရွာကိုမခွဲနိုင်ဘူး၊ အဒေါ် ပြီးတော့ ... ကိုမင်းဒင်ရဲ့အလောင်းကရွာထိပ်မှာရှိတယ်မလား ကျွန်မ အခုလိုဆင်းဆင်းရဲရဲနေရတာကို မကြောက်ပါဘူး၊ နဂိုတည်း က ပြည့်ပြည့်စုံစုံ ဘဝကနေ ကိုမင်းဒင်ကိုချစ်လွန်းလို့ အခုလိုဘ မျိုးနေလာခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြအေးက ခေါင်းရမ်းလိုက်ပြီး ...

"အစွန်းသိပ်မရောက်ပါနဲ့ စံပယ်ရယ် ... လူဆိုတာ ကျန်းမာရေးကောင်းနေရင် အကြောင်းမဟုတ်ဘူး ...

နေထိုင်မကောင်းဖြစ်ရင် ဘယ်လိုလုပ်မလဲ၊ ပြီးတော့ ... နှင့်သမီးလေးကိုသနားပါဟယ်"

မစံပယ် သူ့သမီးလေးကို ကြည့်လိုက်တယ်။ ဖြူဖြူဖွေးဖွေးနဲ့ ချစ်စရာကောင်းလွန်းလှတယ်။

မျက်နှာကလည်း ကိုမင်းဒင်ရဲ့မျက်နှာပေါက်အကျမျိုး။ ဖအေတူ သမီးလေးတစ်ယောက်ဖြစ်တာကြောင့် မစံပယ်အတွက် ကိုမင်းဒင် အတွက် အလွမ်းပြေစရာတစ်ခုဖြစ်ခဲ့တယ်။

"ကျွန်မ အချိန်တစ်ခုရောက်ရင်တော့ သမီးလေးအတွက် ဆုံးဖြတ်ချက်တစ်ခုခုချမှာပါ"

"အင်း ... အကောင်းဆုံးကတော့ မိဘဆီသာပြန်ပါစံပယ်၊ မိဘက သားသမီးကိုစိတ်ဆိုးတုန်းခဏပါပဲ ... ပစ်ပယ်တယ်ဆိုတာ မရှိဘူး"

မစံပယ်က ဒေါ်မြအေးကို ဘာမှပြန်မပြောတော့ အလုပ်ပင်ပန်းတဲ့စိတ်၊ လင်ယောက်ျားကိုသတိရလို့ ပူဆွေးရတဲ့သောကတွေကြောင့် သခင် ပြည့်ပြည့်ဖြိုးဖြိုး မစံပယ်ရဲ့ခန္ဓာကိုယ်ဟာ အခုဆို ပိန်လာတယ်။

ဒေါ်မြအေးက တစ်စုံတစ်ခုကို သတိရသွားပြီး ...

"စံပယ် ... ဟိုတစ်ညက ငပေါက်နဲ့သံလုံး ညဘက်ကြီးမူးမူးနဲ့ ချုပ်မှာဝင်အိပ်တာကို မင်းဒင်က ခြောက်လွှတ်လိုက်တယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com


"ကျွန်မ ကြားပါတယ်"

"ဟုတ်ချင်မှလည်း ဟုတ်မှာပါ၊ အဲဒီကောင်တွေက အမှုး သမားတွေမလား ... မြင်ချင်တာမြင် ထင်ချင်ရာထင်တာလည်း ဖြစ်မှာပါ"

ဒေါ်မြအေးစကားကြောင့် မစံပယ်က ပြုံးလိုက်တယ်။

"ကျွန်မက တကယ်ဖြစ်ပါစေ ဆုတောင်းတာ ... "

"ဟယ် ... ဘာလို့လဲ"

"ဒီရွာသားတွေက ကျွန်မယောက်ျားကို သချိုင်းမှာတောင် သဂြိုဟ်ခွင့်ပေးတာမဟုတ်ဘူးလေ၊ သူတို့သဂြိုဟ်နိုင်းတဲ့နေရာမှာပဲ သဂြိုဟ်ရတာမလား ... ဒီတော့ သူပိုင်တဲ့နေရာမှာ သူကြိုက်သလို လုပ်ခွင့်ရှိတယ်"

ဒေါ်မြအေးက သူ့ရင်ဘတ်ကိုလက်နဲ့ဖိလျှက် ...

"စံပယ် စဉ်းစားဦး ... သရဲတစ္ဆေဆိုတာ နာနာဘာဝပြိတ္တာ လေ ... မောင်မင်းဒင် ပြိတ္တာဖြစ်နေတာ ဘယ်ကောင်းပါ့မလဲ"

"အဒေါ်ရယ် ကိုမင်းဒင်က ကျွန်မတို့သားအမိကိုချစ်လွန်းလို့ ပြိတ္တာဖြစ်နေတာနေမှာပေါ့ ... သူက ပြိတ္တာဘဝနဲ့ ကျွန်မကိုစောင့် နေတာနေမှာပါ"

"ဟယ် ... စံပယ်၊ မပြောကောင်းမဆိုကောင်းတွေ ပြောမနေ နဲ့"

မစံပယ်ကတော့ ပြုံးတယ်။ ဟုတ်တယ်လေ၊ သူက သူ့ ယောက်ျား ဘယ်လိုဘဝမျိုးရောက်ရောက် ချစ်နေမှာပဲမလား။

---


www.burmeseclassic.com

www.burmeseclassic.com



"အဒေါ် ... ကလေးခဏကြည့်ထားပေးဦးနော်"

"ဘယ်သွားမလို့လဲ စံပယ်"

"ထမင်းသွားပို့မလို့လေ ... "

"ဟင်း"

ဒေါ်မြအေး သက်ပြင်းရှည်ကြီးကိုသာချလိုက်တယ်။ မစံပယ်က သူ့ယောကျ်ား ကိုမင်းဒင် မြေပုံကို နေ့စဉ်ထမင်းသွားကျွေးတာ ဝတ် မပျက်ခဲ့။

ဘယ်သူတွေဘယ်လိုထင်ထင် မစံပယ်က လုံးဝဂရုမစိုက်။ သူ ကိုယ်တိုင် အစားအသောက်ချိုင့်ခံပြီး ကိုမင်းဒင်မြေပုံရှိရာကို ထမင်း တစ်ပွဲပုံမြဲ။

ဒါကြောင့်လဲ သူ့ကိုရွာကလူတွေက ...

တစ္ဆေမယားတဲ့ ...

အဲဒီလိုပြောခံရလည်း သူဂရုမစိုက်ပါဘူး။ တစ္ဆေဘဝရောက် သည်းပေါင်းမယ်ဆိုတဲ့ သူ့ရင်ထဲက သစ္စာတရားကတည်ခဲ့သည် မလား။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

ကိုသာအောင် မိုးဖလဲရွာမှာ နွားပေါ်ဖို့လာခေါ်လို့ သွားရောက် လုပ်ကိုင်ပေးရင်း ပြန်လာတော့ အိမ်စားဖို့နဲ့ ရွာထဲအနည်းအပါးရောင်းဖို့ အမဲသားအတွဲလိုက် တောင်းထဲထည့်ပြီး ယူလာတယ်။

ကိုသာအောင်က ဝက်သတ်နွားသတ် သားသတ်သမားတစ်ယောက်။ အနေကြမ်းကြမ်း အပြောကြမ်းကြမ်း စရိုက်ကလည်းကြမ်းတယ်။

ထစ်ခနဲဆို ဓားကိုင်တတ်တာကြောင့် ကိုသာအောင်ဟော့ဆို ရွာကလန့်ကြတယ်။

''ကျွီ ... ကျွီ ... ''

ကိုသာအောင် မောင်းလာတဲ့လှည်းက ရွာရောက်ဖို့နီးလာတော့ မိုးချုပ်စအချိန် ... အလင်းရောင်မပျောက်သေးပေမယ့် ပတ်ဝန်းကျင် ကိုမြင်ရတာ သဲသဲကွဲကွဲမဟုတ်။

''ဟင်''



www.burmeseclassic.com

www.burmeseclassic.com



ရွာထိပ်ရောက်ကာနီးမှာ သူ့ရှေ့ခပ်လှမ်းလှမ်းမှာ လူတစ်ယောက် ကျောပေးပြီးရပ်နေတယ်။

"ဂူး ... ဂူး ... "

နွားတွေကလည်းဆက်မသွားဘဲ အတင်းရုန်းနေတယ်။

"ဟေ့ ... ဘာဖြစ်နေတာလဲ ... ဒီနွားတွေသေတော့မှာပဲ"

"ဖြန်း ... ဖြန်း ... "

ကိုသာအောင်က လက်ထဲကကြိမ်လုံးနဲ့ နွားတွေရဲ့ကျောကို တဖြန်းဖြန်းရိုက်တော့တယ်။

နွားတွေကလည်း အနာခံတယ်။ ဆက်မသွားဘူး။

"ဘာဖြစ်တာလဲ မသိဘူး ... "

ကိုသာအောင် ရှေ့ကိုကြည့်လိုက်တော့ သူ့ကိုကျောပေးထားတဲ့ လူက သူ့ရှေ့တဖြည်းဖြည်းနီးလာတယ်။

ကိုသာအောင်က ဒေါသဖြစ်ဖြစ်နဲ့ ...

"ဟေ့လူ ... ဘာလို့ လှည်းလမ်းပိတ်နေတာလဲ ဖယ်စမ်း"

အော်လိုက်ရာ ... ကျောခိုင်းထားတဲ့လူက ...

"ကျုပ်ကို အမဲတစ်တွဲမျှခဲ့ပါ"

"ဟင်"

ကိုသာအောင် ခေါင်းတစ်ခုလုံး အုံ့ခဲသွားတယ်။ အသံကတုန်တုန်နဲ့ ...

"ခင် ... ခင်ဗျား ... ဘယ် ... ဘယ်သူလဲ"

မေးလေရာ ကျောခိုင်းထားတဲ့လူက ...



www.burmeseclassic.com

www.burmeseclassic.com



"သိချင်လား"

"ဟုတ် ... ဟုတ်ကဲ့ ... "

ကိုသာအောင်ကပြောရာ ကျောခိုင်းထားတဲ့လူကတဖြည်းဖြည်း ကိုသာအောင်နှင့် မျက်နှာချင်းဆိုင်ကို လှည့်လိုက်လေရာ ...

"အမလေး ... "

ကိုသာအောင်တစ်ယောက် ငယ်သံပါအောင် ဟစ်အော်လျှက် လှည်းပေါ်မှခုန်ချကာ ရွာထဲသို့ပြေးဝင်လာတော့တယ်။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

လှည်းကို ရွာထိပ်ထိ ဘယ်သူလာပို့တာလဲ ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)
## လှည်းမောင်းတဲ့တစ္ဆေ

"သာအောင် ... ဘာဖြစ်လာတာလဲကွ"

အမောတကောပြေးလာတဲ့ သာအောင် ရွာအရှေ့ပိုင်းက သူကြီး ခြံထဲပြေးဝင်လာတာကို သူကြီးက စီးမေးတယ်။

"သူကြီး ... ဟော ... ဟဲ ... "

သာအောင်ကချက်ချင်းမဖြေနိုင်သေးလွန်စွာမောဟိုက်လို့နေတယ်။

"သာအောင် ... ဘာဖြစ်လို့လဲ"

"သူကြီး ... ရွာထိပ်ဇရပ်နားမှာ ကျုပ်မင်းဒင်ကိုတွေ့တယ်"

"ဟင်"

သူကြီး အံ့ဩသွားတယ်။ လာပြန်ပြီ နောက်တစ်ယောက်။ ဟိုတစ်ရက်က သံလုံးနဲ့ငပေါက်နောက်ကို မင်းဒင်လိုက်လို့တဲ့။

"ကျုပ် ... လှည်းလည်း အဲဒီမှာကျန်ခဲ့တယ်၊ လှည်းပေါ်မှာ မိုးဖလဲရွာမှာပေါ်ခဲ့တဲ့ အမဲသားတွေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... "

အမဲသားကို တစ္ဆေသရဲတွေက လွန်စွာကြိုက်တယ်လို့ သူကြီး ကြားဖူးတယ်။

"လှည်းမောင်းလာခဲ့ပြီးရောကွာ ... ဘာလို့လှည်းထားပြီး ပြေးလာရတာလဲ"

"နွားတွေက မရုန်းတော့ဘူးဗျ၊ ဘယ်လိုရိုက်ရိုက်သွားကို မသွားတော့တာ"

သူကြီးခြံထဲကို တဆင့်စကားတဆင့်ကြားပြီး ရွာထဲကလူတွေ ရောက်လာကြတယ်။

"သူကြီး ... မင်းဒင်ကရွာကလူတွေကိုမွှေနေပြီ၊ ရွာပြင်ကို ညရေးညတာမထွက်ရဲအောင် ဖြစ်နေပြီ"

"ဟုတ်တယ် ... ကျုပ်တို့ဘယ်လိုလုပ်ရမလဲ"

တစ်ယောက်တစ်ပေါက်ပြောနေကြတာအသံတွေပလုံစီနေတယ်။

"ကဲ ... တော်ကြ၊ အခု ... သာအောင်ကိစ္စ ဘယ်လိုလုပ် ကြမလဲဆိုတာ စဉ်းစားကြ"

သူကြီးက အော်လိုက်မှ ဆူညံနေတဲ့အသံတွေရပ်သွားတယ်။

"တစ္ဆေသရဲဆိုတော့ လူလိုအရေးယူလို့ရမှာမဟုတ်ဘူး၊ တတ် သိနားလည်တဲ့ဆရာနဲ့ နှင်မှရမှာမလား ...

ကံနိမ့်တဲ့လူဆို သူတို့က ဒုက္ခပေးလို့ရတယ်"

ရွာထဲက အသက်ကြီးတဲ့ ဘကြီးတိုးက ချင့်ချင့်ချိန်ချိန်ပြော တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အခုကိစ္စတွေက ရွာပြင်မှာဖြစ်နေတာ၊ နောက်ဆို ရွာထဲထိ ရောက်လာရင် မလွယ်ဘူး"

"ပရိတ်တွေရွတ် ... ဂုဏ်တော်တွေရွတ်ရင် ရပါတယ်"

ရွာသားတွေက တစ်ယောက်ရဲ့အမြင်ကို တစ်ယောက်ကပြော နေကြတယ်။ သူကြီးက ...

"အဲဒါတွေထား သာအောင်လှည်းသွားယူကြမယ်"

ပြော၍ ခြံထဲမှထွက်လာကြရာ ရွာသားဆယ့်လေးငါးယောက် ပါလာတယ်။ အားလုံး ရွာထိပ်အရောက်မှာ ခပ်လှမ်းလှမ်းမှမဲ ... မဲလှုပ်လှုပ်နဲ့လာနေတဲ့ လှည်းကိုလှမ်းတွေ့လိုက်တာကြောင့် အားလုံး ရပ်လိုက်ကြတယ်။

"ရပ် ... ရပ် ... ဟိုမှာ သာအောင်လှည်းလာနေတယ်"

လှည်းကမောင်းသူမပါ။ တအိအိနဲ့လာနေတယ်။ လူများလို့ မကြောက်ဘူးလို့ထင်ပေမယ့် ရင်ထဲမှာတော့ တထိတ်ထိတ် ...

လှည်းက သူတို့နားနီးလာတော့ ...

"ဟင်း ... လှည်း ... လှည်းပေါ်မှာတောင်းပါမလာဘူး"

ကိုသာအောင်က လှမ်းပြောစဉ်မှာပဲ လှည်းကရပ်သွားတယ်။

"ဟာ ... လှည်းကလူရပ်လိုက်သလိုပါလား"

"အေး _ ဟုတ်တယ်ကွ၊ အမှန်ဆို တို့နားရောက်မှရပ်ရမှာ"

သူတို့အားလုံး အံ့ဩနေစဉ်မှာပဲ ...

"ဝုန်း"

လှည်းပေါ်မှတစ်ယောက်ယောက် ခုန်ဆင်းတဲ့အသံကြီးကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရပြီး ...

"ဟော့ ... ဘေးဖယ်ကြ ... ဖယ်ကြ နွားတွေပြေးလာတာ တိုက်မိလို့သေလိမ့်မယ်"

နွားများမှာလန့်ပြီး ရှေ့ကဘာမှမမြင်တော့ အတင်းစွတ်ပြေးကြသဖြင့် အားလုံးဘေးဘက်ကို ရှောင်ပေးရတယ်။

နွားတွေကလှည်းမှာတပ်လျှက် ရွာထဲကအတင်းပြေးဝင်တာကြောင့်လဲ သူကြီး၊ သာအောင်နဲ့ရွာသားတွေ လှည်းနောက်ကိုပြေးလိုက်ကြတယ်။

နွားတွေက သာအောင်ခြံထဲကိုပြေးဝင်ပြီးမှ ရပ်သွားတယ်။

"သာအောင် ... နွားတွေဖြုတ်လိုက်"

"ဟုတ်ကဲ့ သူကြီး"

နွားနှစ်ကောင်မှာ မောလဲမော ထိတ်လဲထိတ်လန့်နေကြတယ်။

"ကဲ ... အားလုံးအမြင်ပဲ၊ ဒီတော့ ညဘက်ရွာပြင်ထွက်ရင် သတိထားကြ"

သူကြီးက ထိုသို့ပြောပြီး သာအောင်ခြံကနေပြန်လာတယ်။ တစ်ယောက်နဲ့တစ်ယောက် စကားမပြောနိုင်ကြဘူး။ သာအောင်နွားနှစ်ကောင်ကို မောင်းလာသူကိုအားလုံးမတွေ့ရပေမယ့် တစ္ဆေမောင်းလာတာလို့ပဲ ထင်ကြတယ်။

လှည်းကို ရွာစပ်ထိလာပို့ပြီး အမဲတွဲတွေယူထားလိုက်တယ်ဆိုတာ မျက်ဝါးထင်ထင် အားလုံးသိလိုက်ရတဲ့အခါမှာတော့ ...။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

တစ်ရွာလုံး ကိုသာအောင် သတင်းကပြန့်နေတယ်။ ရွာကလူတွေရဲ့ ထိတ်လန့်စိတ်က ညဘက်ဆို ဘယ်သူမှအပြင်မထွက်ရဲဘူး။

"အု ... ရူး ... "

ညဦးနက်ပြီဆိုတာနဲ့ ခွေးတွေကအူပြီး တစ်ညထဲ အူတာမဟုတ် ညစဉ်ရက်ဆက်ကိုအူတာ ...

"ညက ခွေးနက်ကြီးရွာထဲဝင်လာလို့ ရွာကခွေးတွေအူကြတာတဲ့"

"ဟုတ်လို့လားဟယ်"

"သာစိန်တို့ပြောတာ အဲဒီခွေးနက်ကြီးက ဘယ်သွားတယ်ထင်လဲ"

မိအေးက စန်းကြည်မအမေးကို ခေါင်းခါရင်း ...

"ဘယ်သိမလဲ ... အေး ... ပြောစမ်းပါဦး"

"ဟိုဟာမလေ ... စံပယ်တို့ခြံထဲဝင်သွားတာတဲ့ ရွာကခွေးတွေကလည်း စံပယ်တို့ခြံထဲကိုကြည့်ပြီး ဝိုင်းအူတယ်ဆိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် _ ကြားရတာနဲ့တင် ကြက်သိန်းထစရာကောင်းလိုက်တာ"

မိအေးက အထိတ်တလန့် ပြောလိုက်တယ် ...

"သူကြီးတော့ တစ်ခုခုလုပ်သင့်တယ်၊ သရဲတစ္ဆေဆိုတာ ကံနိမ့်တဲ့လူကို ဒုက္ခပေးလို့ရတယ်မလား ... ပြီးတော့ ... ကလေးတွေကို သိပ်ပြာနတ်တယ် ...

ဘာမှမလုပ်ဘဲထားရင် ရွာကသရဲတစ္ဆေကို လက်ခံသလို ဖြစ်နေမှာပေါ့"

"အေး ... ဟုတ်တယ်၊ ငါ့သားလေးက တရှောင်ရှောင်နဲ့နေမကောင်းဖြစ်နေတာ၊ ရွာကလူတွေညှိပြီး ဟိုမိန်းမကိုရွာပြင်ထုတ်လိုက်ရင် ဘာပြဿနာမှရှိမှာမဟုတ်ဘူး"

မိအေးက သူ့စိတ်ထဲရှိတာပြောတော့ စန်းကြည်မက ...

"နင်ပြောတာမဆိုးဘူး၊ ဒီကိစ္စဆယ်အိမ်ခေါင်း ကိုထွေးကို ပြောရမယ်"

လက်ပံဝွရွာမှာ ဟိုနေရာလည်းဒီသတင်း။ ဒီနေရာ ဒီသတင်းအတော့်ကို ချောက်ချောက်ချားချားဖြစ်နေတာ။

မစံပယ်လည်း အဲဒီသတင်းကိုကြားတယ်။ ဒေါ်မြအေးကတော့ စံပယ်အတွက် ပူပန်တာပေါ့။

"စံပယ်ရယ် ... ရွာကလူတွေက ထင်ရာလျှောက်ပြောနေကြတာ၊ ကြာရင် ... စံပယ်တို့သားအမိ အန္တရာယ်မရှိဘူးလို့ ပြောလို့မရဘူး"

www.burmeseclassic.com



"ဘာအန္တရာယ်လဲအဒေါ် ... "

"အကြမ်းနည်းနဲ့မေးတာတို့ စံပယ်တို့ကိုရှာပြင်ထုတ်ထားတာ တို့ဆို ဘယ်လိုလုပ်မလဲ"

မစံပယ်က မဲ့ပြုံး ပြုံးလိုက်တယ်။

"သူတို့လုပ်ကြည့်လိုက်လေ ... အဲလိုလုပ်လို့ကတော့ လက်ပံဝရှာမှာ အလောင်းဆက်သွားမယ်"

"ဟယ် ... တိုးတိုးလုပ်၊ တော်ကြာ တစ်ယောက်ယောက် ကြားသွားလို့ သူကြီးသွားပြောရင် နင်ဒုက္ခရောက်နေမယ်"

"ဒုက္ခရောက်လည်းရောက်ပါစေ ... ကျွန်မ မကြောက်ဘူး ကျွန်မယောက်ျားကို သင်္ချိုင်းမှာ သင်္ဂြိုဟ်ခွင့်မပေးတည်းက စိတ်နာနေတာ"

"ဟင်း"

ဒေါ်မြအေးက သဘောပေါက်စွာ သက်ပြင်းချလိုက်တော့တယ်။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

နွားပျောက်လို့လိုက်ရှာတဲ့ အပျိုကြီး
ဓရစ်ရွှေရောက်တော့ ... ဘာဖြစ်လဲ ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## ရွာပြင်ထွက်နေပါ

"ဒီနွားက ဘယ်ခြေရှည်နေမှန်းကိုမသိဘူး၊ ငါစိတ်ညစ်တယ်"

ဒေါ်ရီဝင်းတစ်ယောက် ရေနံဆီမီးခွက်ကိုအုပ်လျှက် သူ့နွား ချိုကောက်ကြီးပျောက်လို့လိုက်ရှာတယ်။ သူက တစ်ကိုယ်ရေအမျို ကြီးရှိတဲ့လယ်ကို စာရင်းငှားနဲ့ခိုင်းရတာ။

အလုပ်ပါးတော့ စာရင်းငှားက သူ့အိမ်သူပြန်သွားတယ်။ စပါး ပေးနဲ့ရှိတဲ့နွားတွေကို ကျောင်းခိုင်းတဲ့နွားကျောင်းသားက ညနေနွား သိမ်းလာတော့ သူ့နွားချိုကောက်ပြီး ဘယ်ကျန်နေခဲ့မှန်းမသိ ရွာမှာက နွားပျောက်တာ နွားခိုးခံရတာရှိတာမဟုတ်။ တစ်နေ ရာမှာကျန်ခဲ့လဲ သူ့ဘာသာချည်တိုင်ကို ပြန်လာချင်လာ မလာရင် နောက်တစ်ရက်ဆို ပြန်တွေ့တယ်။

ဒေါ်ရီဝင်းကတော့ သူ့နွားပြန်ပါမလာတာကို စိတ်ပူပြီးလိုက် တာ။ ဘယ်မှာမှ မတွေ့တာကြောင့် စိတ်ညစ်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တွေ့လို့ကတော့ အားရပါးရ ကြိမ်နဲ့တွယ်ပစ်မယ်"

ဒေါ်ရီဝင်းက အားရပါးရ ကြိမ်းဝါးတယ်။

မိုးကလည်းချုပ်နေပြီ။ ရှာလို့ကလည်းမတွေ့တာကြောင့် အိမ်ပြန်တာပဲကောင်းမယ်ဆိုပြီး ပြန်လာတယ်။

"ဟင်"

ရွာကိုပြန်လာတော့ သူ့ရှေ့ခပ်လှမ်းလှမ်းမှာ မဲမဲလှုပ်လှုပ်နဲ့ သူတစ်ယောက်ကို တွေ့ရတယ်။

"အင်း ... တော်သေးတယ်၊ အဖော်ရှိလို့ ဟိုဇရပ်ရှေ့ကို တစ်ယောက်တည်းမဖြတ်ရတော့ဘူး"

စိတ်ထဲအားရှိသွားတယ်။ မင်းဒင်တစ်ယောက် အစိမ်းသေသေပြီး ခြောက်တယ်ဆိုတဲ့ သတင်းကိုလည်း သူကြားထားတယ်မလား။ ထိုစဉ် ...

"ဝါ ... "

ရုတ်တရက် လေတိုက်တဲ့အရှိန်နဲ့ သူ့ရေနံဆီမီးခွက်ကြီး ငြိမ်းသွားတယ်။

"ဟင်"

ရင်ထဲထိတ်ခနဲဖြစ်သွားတယ်။ ကြက်သီးတွေလည်း အလိုလို ထလာတယ်။ ဇရပ်နားလည်း တဖြည်းဖြည်းနီးလာတာကြောင့် ခြေလှမ်းတွေလေးလာတယ်။ သူ့ရှေ့ကလူကတော့ လျှောက်နေတာပုံမှန် [illegible]

"အင်း ... ငါခေါ်လိုက်ရင်ကောင်းမယ်"

www.burmeseclassic.com



ရွာထဲကတစ်ယောက်ယောက်ပဲဖြစ်မှာလို့ စိတ်ထဲကတွေးထားတယ်။

"ဟော့ ... ခဏနေဦး ... "

အသံကျယ်ကျယ်နဲ့အော်လိုက်တော့ ရှေ့ခပ်လှမ်းလှမ်းမှလူက ရပ်သွားတယ်။ နောက်ကိုတော့ လှည့်မကြည့်ဘူး။

"ဟင်"

ဒေါ်ရီဝင်း နှာခေါင်းထဲမှာ ရုတ်တရက်ဆိုးဝါးလှတဲ့ အပုပ်နံ့ကြီးရလာတယ်။ ရှေ့ကလူနားရောက်လာလေ နံလေပဲ။

"ငါနွားပျောက်လို့ လိုက်ရှာနေတာ နင်ရွာကမလား"

ထိုလူက ခေါင်းညိတ်ပြတယ်။

"နင် ဘယ်သူလဲ"

ဒေါ်ရီဝင်းကမေးပေမယ့် ပြန်မဖြေ။ ရှေ့ကိုဆက်သွားတယ်။ ဒေါ်ရီဝင်းလည်း နောက်ကလိုက်လာတယ်။ နံစော်နေတဲ့ အပုပ်နံ့ကြောင့် ရင်ထဲပျို့တက်လာတယ်။

"နံလိုက်တာဟယ် ... နင်မနံဘူးလား"

"ဟင့်အင်း"

ထိုလူကခေါင်းခါတယ်။ ဒေါ်ရီဝင်းကအံ့သြပြီး ...

"ငါကနံတယ် ... နင်ကမနံဘူး၊ အင်း ... ငါဘာများဖြစ်နေလဲ"

စကားပြောရင်းလျှောက်လာတော့ ဇရပ်ရှေ့ရောက်လာတယ်။ ထိုလူက ဇရပ်ပေါ်တက်ဖို့ ခြေလှမ်းပြင်တော့ ဒေါ်ရီဝင်းက ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … ဘာလို႔ ဇရပ္ေပၚတက္မွာလဲ နင္မေၾကာက္ဘူးလား"

"ဟင့္အင္း"

ထိုလူက ေခါင္းခါျပတယ္။

"နင္ ရြာထဲသြားမွာမလား"

"ဟင့္အင္း"

"အဲဒီမွာမေနခဲ့နဲ႔ … ဟို မင္းဒင္ဆိုတဲ့ေကာင္ သရဲျဖစ္ၿပီး ေျခာက္တယ္"

ေဒၚရီ၀င္းက အသံတုန္တုန္နဲ႔ေျပာေတာ့ ထိုလူကေက်ာေပး လွ်က္ …

"ဟား … ဟား … ဟား … "

အားရပါးရ ရယ္ေမာလိုက္ၿပီး တျဖည္းျဖည္း ေဒၚရီ၀င္းဘက္ လွည့္လိုက္ရာ …

"ဟာ … မင္း … မင္းဒင္ … အမေလး"

ေဒၚရီ၀င္း အသံကုန္ဟစ္၍ ေအာ္ၿပီးေျပးရာ ဇရပ္ေပၚ၌ ေၾကာက္မက္ဖြယ္ရာ ရယ္သံႀကီးထြက္ေပၚလာတယ္။

"ဟား … ဟား … ဟား … "

ေဒၚရီ၀င္းကေတာ့ ထဘီကို စြန္ေတာင္ဆြဲၿပီး …

"လုပ္ၾကပါဦး … ငါ့ကို မင္းဒင္ ေျခာက္လိုက္လို႔"

အသံကုန္ဟစ္ကာေအာ္ေတာ့ ရြာထဲကလူေတြ ထြက္လာၾက တယ္။

"ေဒၚရီ၀င္း ဘာျဖစ္တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းဒင် ငါ့ကိုခြောက်တယ်"

ထိတ်လန့်စွာ အော်ဟစ်ရင်း လဲကျသွားတော့တယ်။ ရွာသူရွာသားတွေလည်း ဒေါ်ရီဝင်းကိုပွေ့ပြီး သူ့ကြီးအိမ်ကိုခေါ်လာတော့တယ်။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

"ဟင်း ... ဟင်း ... "

ဒေါ်ရီဝင်းကို ဝိုင်းပြုစုကြလို့ သိပ်မကြာခင်မှာပဲ သတိရလာတယ် ... သူကြီးက ...

"ဘယ်လိုဖြစ်တာလဲ အပျိုကြီး ... "

ဒေါ်ရီဝင်းက သူကြုံခဲ့တာကို အစအဆုံး ရှင်းပြပြီး ...

"ကျုပ်ကမသိလို့ သူနောက်ကလိုက်လာတာ ကျုပ်ကိုသူလှည့်ကြည့်တော့ မျက်နှာကကြောက်စရာကောင်းလိုက်တာ ... ဒဏ်ရာကြီးနဲ့ အပုပ်နံ့ကလည်း နံလိုက်တာပြောမနေနဲ့၊ ရယ်သံကြီးကလည်း ကြောက်စရာကြီး ကျုပ်လည်း ကြောက်ကြောက်နဲ့ပြေးလာတာ"

"အင်း ... ခက်တော့တာပဲ တစ်ခုခုလုပ်မှဖြစ်တော့မယ်ထင်တယ်"

သူကြီးက စဉ်းစဉ်းစားစားနဲ့ပြောတယ်။ ရွာသားတွေကျို့က



www.burmeseclassic.com

www.burmeseclassic.com



"တစ်ခုခုလုပ်မှဖြစ်မယ် ... လုပ်မနေနဲ့၊ လုပ်ကိုလုပ်ရမယ် သူကြီး"

"ဟုတ်တယ် ... ရွာကလူတွေ ရွာပြင်တောင်မထွက်ရဲဘူး ဖြစ်နေတယ်"

"ကျုပ်တို့ရွာမှာ ဒါမျိုးတစ်ခါမှ ဖြစ်ခဲ့ဖူးတာမဟုတ်ဘူး"

တစ်ယောက်တစ်မျိုးကပြောတာ အသံတွေဆူညံသွားတယ်။

"ကဲ ... တော်ကြတော့၊ နာနာဘာဝကိစ္စဆိုတော့ ကျုပ်ဘယ်လိုဖြေရှင်းမလဲ ... တစ်ခုတော့ရှိတယ်၊ ဒီကိစ္စကို သူနဲ့သက်ဆိုင်သူကို ဘာလုပ်ပေးမလဲ မေးရမယ် ... "

"ဟုတ်တယ်"

"မင်းဒင် ... မိန်းမကိုခေါ်မေး ... ဒီမိန်းမက သူ့လင်တစ္ဆေကို နေ့တိုင်းအစာသွားကျွေးနေတာ ကျုပ်တွေ့တယ်"

ကိုခွေးဆိုသူက ထပြောတော့ အားလုံးစိတ်ဝင်စားသွားတယ်။ သူကြီးက ကိုခွေးကိုကြည့်ပြီး ...

"ကိုခွေး ... မင်းပြောတာ အဟုတ်လား"

"အဟုတ်ပဲ သူကြီး ... ညနေစောင်းဆို ဟိုမိန်းမဖက်နဲ့ထုပ်ထားတဲ့ ထမင်းနဲ့ဟင်းကို မင်းဒင်မြေပုံပေါ်တင်ပြီးကျွေးတာ၊ ကျုပ်မျက်စိနဲ့တပ်အပ်မြင်ခဲ့တာ"

"ဟေ ... "

သူကြီး အံ့အားသင့်သွားတယ်။ ကိုသာအောင်က ...

"ကျုပ် ... အမဲသားတွေလည်း ဘယ်မှာအစဉ်ရလို့လဲ၊



www.burmeseclassic.com

www.burmeseclassic.com



နွားနဲ့လှည်းပဲပြန်လာတာ အမဲသားတောင် အစပျောက်ပဲ''

''အဲ့ကောင် ... အဲဒါတွေစားပြီး အကောင်ကြီးလာတာနေမှာ''

ထင်မြင်ချက်တွေက လက်တွေ့ဆန်နေတာကြောင့် သူကြီးလဲ အသေအချာစဉ်းစားပြီး ...

''ငပိုက်သွားစမ်း ... မင်းဒင်မိန်းမ စံပယ်ကို ငါ့ဆီအခုလိုက်ခဲ့လို့ တစ်ခါတည်းခေါ်ခဲ့''

''ဟုတ်ကဲ့ သူကြီး''

မိုးချုပ်နေပြီဆိုပေမယ့် အခုလိုက်စွမျိုးဆိုတာ အများကျေနပ်အောင်ချက်ချင်းလုပ်မှဖြစ်မယ်ဆိုတာ သူကြီးသဘောပေါက်သည်လေ။

သိပ်မကြာခင်မှာပဲ သူကြီးအိမ်ကို ငပိုက်နဲ့အတူ ကလေးကိုချီလျက် မစံပယ်ရောက်လာတယ်။

သူကြီးက ...

''ကဲ ... ကလေးမ၊ နင့်ယောက်ျားက ရွာကလူတွေ ညဘက်ရွာပြင်မထွက်ရဲအောင် ခြောက်လှန့်နေတယ်''

မစံပယ်က သူကြီးကိုခပ်စူးစူး ကြည့်လိုက်တယ်။

''အဲဒါ ... တို့ရွာကလူတွေ ကြောက်လန့်နေရပြီ''

''ကျွန်မ ဘာလုပ်ပေးရမလဲ''

မစံပယ်က ခပ်ဆတ်ဆတ်ပြန်မေးတယ်။

''ဘာလုပ်ပေးရမလဲဆိုတော့ နင်ကတစ္ဆေကို အစာကျွေးတယ်၊ နင့်ဆီကို တစ္ဆေကလာတယ်၊ ညဘက်တွေ့တဲ့လူကို ခြောက်လှန့်တယ်၊ ငါတို့ရွာကလူတွေလည်း တစ်ညတစ်ည ဘာဖြစ်မလဲဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



တထိတ်ထိတ်ဖြစ်နေရတယ် ...

ဒီတော့ ... တစ္ဆေလည်း ရွာထဲမလာရအောင် နင်တို့သားအမိ ရွာပြင်ထွက်နေပါ"

"ဟင်"

သူကြီးစကားကြောင့် မစံပယ် အံကိုတင်းတင်းကြိတ်လိုက်တယ်။

"ကျွန်မ ရွာပြင်ထွက်နေရင် ရွာကိုတစ္ဆေမခြောက်တော့ဘူးလား"

"တစ္ဆေက နင့်ယောကျ်ားလေ၊ သူလာတာ နင့်ဆီလာတာပေါ့၊ နင်ရွာပြင်ထွက်နေရင် သူရွာထဲလာစရာမလိုတော့ဘူး"

"ဟုတ်တယ် ... သူ့ကို ရွာပြင်ထုတ်ပါဗျို့"

"သူရွာထဲမှာနေရင် အန္တရာယ်များတယ်"

"တို့ရွာကတော့ တစ္ဆေကိုလက်မခံဘူး၊ တစ္ဆေကို လက်ခံတဲ့လူကိုလည်း ရွာမှာမထားဘူး"

ရွာသားတွေကထပြောရာ မစံပယ်ရဲ့မျက်နှာက တစ်ချက်မှ မပျက်။ နှုတ်ခမ်းကို ပြတ်လုမတတ်ကိုက်ပြီး ...

"ရတယ် ... ကျွန်မရွာပြင်ထွက်နေမယ် သူကြီး၊ ရှင်တို့ ရွာကလူတွေသာ ကျွန်မယောကျ်ားတစ္ဆေသတ်လို့ မသေပါစေနဲ့လို့ ဆုတောင်းထားကြ"

ကြိမ်းဝါးကာ ကလေးကိုပိုက်ပြီး သူကြီးခြံထဲကထွက်သွားတော့ တယ်။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... လူပါးဝလိုက်တာ ... ဟင်း"

"အရင်ကလည်း မုဆိုးမယား အခုလည်းတစ္ဆေမယားဆိုတော့ ...းစပ်သရမ်းတာပေါ့"

အမျိုးမျိုးပြောနေကြတဲ့အသံကို သူကြီးကတိတ်စေပြီး ...

"သူ့ကို ရှာပြင်ထုတ်လိုက်ရုံနဲ့ မပြီးဘူး ... ရှာပြင်လက်ပံပင် ...နေ တစ္ဆေကိုနှင်မှဖြစ်မယ်၊ အဲဒီအတွက် ဆရာတစ်ယောက်ကို ...ကူအညီတောင်းရမယ်"

ဟု ... လေးနက်စွာပြောလိုက်လေတော့တယ်။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

# ညာဘက်တံပေါ်တက်လာတာ ဘယ်သူလဲ?

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

## နောက်ကလိုက်လာတဲ့တစ္ဆေ

မစံပယ်တို့သားအမိ ရွာပြင်ဇရပ်အနီးမှာ တဲထိုးပြီးနေကြတယ် ဒါမြအေးသား ဖြိုးဦးက အစစအရာရာ ကူညီပေးလို့ တဲတစ်လုံးဖြစ်သွားတာ ...

"အစ်မ ... လုပ်စရာကိုင်စရာရှိရင် ကျွန်တော့်ကိုခေါ်ခိုင်းပါ ကျွန်တော် ကူညီပါ့မယ်"

"ကျေးဇူးပါပဲ မောင်လေးရယ် ... အစ်မတို့နေဘတ်အောင် ကြိုးစားမှာပါ၊ ကြောက်တာတော့ မကြောက်ပါဘူး၊ အစ်မယောက်ျား အစ်မတို့ကိုစောင့်ရှောက်မှာပေါ့၊ ဘာလို့လဲဆိုရင် အစ်မတို့က သူ့မြေပုံနားမှာနေတာလေ"

ဖြိုးဦးက မစံပယ်တို့လင်မယား တစ်ယောက်နဲ့တစ်ယောက် ချစ်ကြမှန်းသိတယ်။



www.burmeseclassic.com

www.burmeseclassic.com



ရွာကလူတွေရဲ့ အမြင်စောင်းမှုကြောင့်လည်း မစံပယ်တစ်ယောက် ရွာပြင်ရောက်လာရတယ်မလား။ ကိုမင်းဒင် သရဲတစ္ဆေဖြစ်ပြီးခြောက်လှန့်သည်ဖြစ်စေ၊ မခြောက်လှန့်သည်ဖြစ်စေ ရွာမှလူတွေကတော့ ကျန်ရစ်သူ မစံပယ်ကိုသာ ပြဿနာရှာနေကြတာဆိုတော့လည်း ခုလို ရွာပြင်ထွက်နေတာ ကောင်းတယ်ဟုတွေးမိတယ်။

ဖြိုးဦးက မစံပယ်ကို ကိုယ့်အစ်မရင်းတစ်ယောက်လို ခင်ရှာသလို မစံပယ် သမီးလေးကိုပဲချစ်တယ်။

ရွာထဲမှာ ခြေရင်းခြံ ခေါင်းရင်းခြံ ခြံချင်းကပ်နေလာတာကြောင့်လည်း ... ခုလို ရွာပြင်ထွက်နေရတာ စိတ်မကောင်း။

သားအမိနှစ်ယောက်နေသာရုံ တဲလေးကိုသေသေသပ်သပ်ထိုးပေးပြီးတော့ ဖြိုးဦးက ...

"အစ်မ ... ကျွန်တော် ပြန်တော့မယ် လိုတာရှိရင်ပြောပါ"

"အေး ... အေး ... မောင်လေး"

ဖြိုးဦးပြန်သွားတော့ မစံပယ်က ကလေးကိုသိပ်တယ်။ သူက စိတ်မာတယ်။ တော်ရုံ ဘယ်အရာကိုမှအလျှော့ပေးတာမဟုတ်။ အနိုင်ကျင့်ရင်လဲ ခေါင်းငုံ့မခံတတ်။

ကလေးအိပ်တော့ လုပ်စရာရှိတဲ့အိမ်အလုပ်တွေလုပ်တယ်။ သူ့ဘဝရပ်တည်ဖို့ဆိုတာ စားသောက်ဖို့ဝင်ငွေရှိရမယ်မလား။

ဒီတော့လည်း ...

ရွာကနှင်လို့ဝမ်းနည်းနေရမယ့်အချိန်မရှိ။ အရင်လိုပဲ မနက်ဆိုတောထဲဝင် ဖက်ခူးရဦးမယ်လေ။

---



www.burmeseclassic.com

www.burmeseclassic.com



ညရောက်တော့ ဘုရားရှိခိုး ကိုမင်းဒင်အတွက် အမျှဝေပေး
တယ်။ သူ့အိပ်ခန်းထဲမှာရှိတာက ကိုမင်းဒင်ကို သင်္ဂြိုဟ်စဉ်ကယူလာ
ခဲ့ မြေခဲ ဒါမှမဟုတ် လိပ်ပြာခဲ ...

ကိုမင်းဒင် သူတို့သားအမိနားမှာအမြဲရှိတယ်ဆိုတဲ့အတွေးက
မစံပယ်ရင်ကို အားဖြစ်စေတယ်။

ဟိုတွေး ဒီတွေးနဲ့ တော်တော်နဲ့အိပ်မပျော်။

"ရှပ် ... ရှပ်"

"ဟင်"

တံခါးရင်းဘက်က ခြေသံကိုကြားရတာကြောင့် မစံပယ်
တသားနားစွင့်နေတယ်။

"ဖတ်"

ခါင်းရင်းထရံကိုကပ်လိုက်တဲ့အသံကို ကြားရတယ်။ မျက်လုံး
ထဲမှာ ကိုမင်းဒင်ရဲ့မျက်နှာကိုမြင်လာတယ်။

"မောင် ... မောင်လားမသိဘူး"

စိတ်ထဲကတွေးမိနေစဉ်မှာပဲ ...

"ဝုန်း ... "

တံကလေးက ငြိမ့်ခနဲဖြစ်သွားသလို တံပေါ်ကို တစ်ယောက်
ယောက်တက်လာတာကြောင့် အသံကကျယ်လောင်စွာမြည်သွား
တယ်။ မီးခြစ်ကို အလျင်အမြန်ခြစ်ပြီး မီးခွက်ထွန်းဖို့လုပ်တော့
မျက်နှစ်ဖက်ကို သန်မာအေးစက်တဲ့လက်နဲ့ဖိထားတာကြောင့်
မီးတော့ထွန်းလို့မရ တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဘယ် ... ဘယ်သူလဲ ... ဖယ်"

မစံပယ် ကျယ်လောင်စွာမေးတယ်။ လူလည်းအတင်းရုန်းတယ်။

"ဖယ်နော် ဘယ်သူလဲ"

မစံပယ်ကိုအတင်းဖိတဲ့အသံ ရုန်းတဲ့အသံတွေကြောင့် ကလေးကနိုးလာတော့တယ်။

"ဝါး ... ဝါး ... "

ကလေးရဲ့ငိုသံနှင့်အတူ မစံပယ်ရဲ့လက်ကို ဖိထားရင်း ခန္ဓာကိုယ်နဲ့ဖိကပ်ထားတဲ့ အရိပ်မည်းကြီးက ...

"တိတ် ... တိတ်နေနော် အော်ရင်သတ်ပစ်လိုက်မယ်"

"ဟင်"

မစံပယ် သဘောပေါက်သွားတယ်။ ရှိသမျှအားကိုစုပြီး တွန်းဖယ်ဖို့ ကြိုးစားသော်လည်း အားကမမျှ။

ထိုစဉ် ...

"အု ... ရူး"

တဲရှေ့မလှမ်းမကမ်းမှ ကြောက်စရာကောင်းလှတဲ့ခွေးအူသံကြီးထွက်လာတယ်။

"ဝုန်း"

ခွေးနက်ကြီးက မစံပယ်ရဲ့တဲပေါ်ကို ခုန်တက်လာတာကြောင့် မစံပယ်ကို ဖိထားတဲ့မည်းမည်းအရိပ်ကြီးက ခွေးနက်ကြီးကိုမြင်ပြီး ကြောင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဂိုး"

နီရဲနေသော မျက်လုံးနှစ်လုံးနဲ့စိုက်ကြည့်ပြီး မာန်ဖီလိုက်တယ် ဒီအခွင့်အရေးကို မစံပယ်ကအရယူပြီး သူ့ခန္ဓာကိုယ်ပေါ်က အရိပ်မည်းကြီးကို တွန်းချလိုက်တယ်။

"ဝုန်း"

ခွေးနက်ကြီးက ထိုအရိပ်မည်းကြီးကို ခုန်အုပ်မည်အလုပ်–

"အမလေး ... ကြောက်ပါပြီဗျ"

ငယ်သံပါအောင် အော်သံကိုကြားရပြီးနောက် အရိပ်မည်းကြီးလည်း တဲပေါ်မှခုန်ချကာ ထွက်ပြေးသွားတယ်။

"လုပ်ကြပါဦး ... ကျုပ်နောက်ကို ခွေးနက်ကြီးလိုက်လာလို့"

ကျယ်လောင်စွာအော်ဟစ်ရင်း ရွာထဲဝင်ပြေးတော့ ရွာကလူတွေလည်းနိုးလာကြတယ်။

"စိုးကြီး ... ဘာဖြစ်တာလဲ"

"ဟော ... ဟောဟဲ ကျုပ်နောက်ကို တစ္ဆေစီးနေတဲ့ ခွေးနက်ကြီးလိုက်တယ် ... ခွေးနက်ကြီးလိုက်လာပြီ"

စိုးကြီးကအကြောက်လွန်ကာ ပါးစပ်က အဆက်မပြတ်ပြောနေသလို မျက်လုံးကလည်း လည်နေတယ်။ အသားတွေက တဆတ်ဆတ်တုန်ပြီး ...

"ကျုပ်ကြောက်တယ် ... ကျုပ်ကို ခွေးနက်ကြီးလိုက်ကိုက်တယ် ... အား ... "

"ဟော့ကောင် စိုးကြီး ... သတိထားစမ်း"



www.burmeseclassic.com

www.burmeseclassic.com



အလွန်ထိတ်လန့်နေတဲ့ စိုးကြီးကို ရွာသားတစ်ချို့က ကြောက်ကြောက်နဲ့ လျှောက်ပြေးမှာစိုးလို့ အတင်းချုပ်ထားတယ်။

"ဖယ် ... ကျုပ်ကို ဟိုခွေးနက်ကြီးက လိုက်ကိုက်မှာ ... လွှတ်ပါ"

"စိုးကြီး ... သတိထား ခွေးနက်ကြီး မရှိတော့ဘူး"

ရွာသားတွေက ဘယ်လို ဖျောင်းဖျဖျောင်းဖျ စိုးကြီးက ထိတ်လန့်လွန်းလို့ အသားတွေတုန်နေတယ်။

ထိုစဉ်မှာပဲ ...

"အူ ... ဝူး ... "

အလွန်ကြောက်စရာကောင်းလှတဲ့ ခွေးအူသံကြီးက ရွာထိပ်မှ ထွက်လာလေရာ ရွာသားတွေလည်း အံ့သြတုန်လှုပ်လို့ သွားတယ်။

"ကြားတယ်မလား ... ခင်ဗျားတို့ ကြားကြတယ်မလား"

စိုးကြီးကပြောတော့ ရွာသားတွေရဲ့ အသံတိတ်သွားတယ်။

"ကျုပ်ကိုကိုက်မလို့အူတာ ကျုပ်ကြောက်တယ် ... ကျုပ်ပြေးမှဖြစ်မယ်"

စိုးကြီးတစ်ယောက် သွေးပျက်ပြီး စိတ်ဂယောက်ချောက်ချားဖြစ်လို့သွား ... ပြီး မြေကြီးပေါ် လဲကျလို့သွားတော့တယ်။

"စိုးကြီး ... စိုးကြီး"

ရွာသားတွေက စိုးကြီးကို ဝိုင်းပြုစုကြတယ်။ သူကြီးကတော့ ခေါင်းကို ခပ်လေးလေးရမ်းလိုက်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ရွာကိုမနှောင့်ယှက်နိုင်အောင် အမြန်လုပ်မှဖြစ်တော့မယ်"

လို့တွေးလိုက်လေတော့တယ်။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

# တစ္ဆေဝင်ပူးတော့ မစံပယ် ဘာလုပ်လဲ ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

## ဇရပ်ပေါ်လာတဲ့ တစ္ဆေ

"ဟင်"

မစံပယ် တဲပေါ်ကလှမ်းကြည့်တော့ ဇရပ်ပေါ်တွင် အုန်းငှက်ပျောပွဲသုံးပွဲ၊ အမွှေးတိုင်ဖယောင်းတိုင် လက်ဖက်ကွမ်း စသည်တို့နှင့်အတူ ရွာက သူကြီးနဲ့ရွာသားတစ်ချို့ ... ပြီးတော့ ...

သူတစ်ခါမှမမြင်ဘူးတဲ့ အသက်ငါးဆယ်ကျော်လူကြီးတစ်ဦး

စံပယ်နေတဲ့ တဲနဲ့ဇရပ်က သိပ်ဝေးတာမဟုတ်တော့ ဇရပ်ပေါ်မှာလုပ်နေတာတွေကို အကုန်မြင်နေရသလို စကားကျယ်ကျယ်ပြောရင်ကြားနေရတယ်။

"ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်အားလုံးကို ကျွန်ုပ်ပင့်ဖိတ်ပါတယ်၊ အုန်း၊ ငှက်ပျော၊ လက်ဖက်၊ ကွမ်း စတာတွေကိုလည်း လှူဒါန်းပါတယ်၊ လာရောက်သုံးဆောင်ကြပါ"

အသက်ငါးဆယ်ကျော်လူကြီးမှ အသံကျယ်ကျယ်နဲ့ပြောနေ



www.burmeseclassic.com

www.burmeseclassic.com



တာကို မစံပယ် ကြားနေရတယ်။

"ဒီလက်ပံဂွရွာသား မင်းဒင်သည်သေဆုံးပြီးဖြစ်သလို သ
တစ္ဆေနာနာဘာဝ ဘဝနဲ့ရွာသူရွာသားတွေကို နှောင့်ယှက်ခြော
လန့်နေတယ်လို့ ကျွန်ုပ်သိရပါတယ် ..."

ဆိုင်ရာပိုင်ရာတို့ရဲ့ ခွင့်ပြုအမိန့်နှင့် ကျွန်ုပ်ကိုဆုံးမခွင့်ပြုပါ

"ဟင်"

မစံပယ်ရင်ထဲ ထိတ်ခနဲဖြစ်သွားတယ်။ သူ့ယောက်ျားကို ဆုံး
မလို့တဲ့။

"ဟော့ ... တစ်ယောက် ဟိုလက်ပံပင်ကကိုင်းတစ်ကိုင်းသွား
ချိုး၊ မြေပုံပေါ်က မြေတစ်ဆုပ်ကိုလည်းယူခဲ့ ... "

"ဟုတ်ကဲ့ ... ဆရာကြီး"

ရွာသားလူငယ်တစ်ယောက်က ဇရပ်ဘေးက လက်ပံပင်ကိုင်း
ကို တက်ချိုးပြီး ကိုမင်းဒင် မြေပုံပေါ်က မြေတစ်ဆုပ်ကိုယူလာတယ်

"ရော့ပါ ဆရာကြီး"

"အေး"

ဆရာကြီးဆိုသူက လက်ပံကိုင်းကိုယူလာတဲ့ မြေကြီးခဲပေါ်တင်
ပြီး ပါးစပ်က အချိန်တော်တော်ကြာတဲ့အထိ မန်းမှုတ်နေတယ်။

ပြီးမှ ... ရွာသားတွေဘက်လှည့်ပြီး ...

"မင်းတို့ထဲမှာ ဘယ်သူလိပ်ပြာလုလည်းဆိုတာ ကြည့်ဦးမယ်"

ရွာသားတွေ တစ်ယောက်မှတုတ်တုတ်မလှုပ်ရဲဘူး။ ဆရာကြီး
ကတစ်ယောက်ချင်းလိုက်ကြည့်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"လိပ်ပြာလှတဲ့လူကို မင်းဒင် ဝိညာဉ်ဝင်ကပ်နိုင်းမှာ ဘာမှ ကြောက်စရာမလိုဘူး ... ဝိညာဉ်က လူကိုဝင်ကပ်ရင် ငါဆုံးမလို့ ခံရရင် ဝိညာဉ်ပဲခံရမှာ၊ ကာယကံရှင်က ဘာမှမဖြစ်ဘူး၊ ဟုတ်ပြီနော် အေး ... မှတ်ထားရမှာက ဇရပ်အပြင်ကို ဘယ်လိုအနှောင့်အယှက် လာလာ လုံးဝမထွက်ရဘူး ... ငါစည်းချထားမယ်၊ ထွက်ရင်စည်း ပေါက်မယ်၊ စည်းပေါက်ရင် အားလုံးဒုက္ခရောက်မယ်"

"ဟုတ်ကဲ့"

ရွာသားတွေက ဆရာကြီးပြောတာကို ခေါင်းညိတ်တယ်။

ဆရာကြီးက အသက်နှစ်ဆယ်လောက်ရှိတဲ့ ဖြူအေးအား–

"လာ ... မင်းလာခဲ့"

"ဗျာ"

ဖြူအေး လန့်သွားတယ်။ ဆရာကြီးက ...

"ကြောက်မနေနဲ့ ဘာမှမဖြစ်ဘူး ... ဒီမှာထိုင် ... "

ဖယောင်းတိုင် အမွှေးတိုင်တွေထွန်းထားတဲ့ ပွဲတွေရှေ့မှာ ဖြူဖွေး ကိုထိုင်ခိုင်းတယ်။ ပြီးတော့ ... လက်ပံကိုင်းနဲ့ မြေခဲကို လက်တစ်ဖက် ဆီဆုပ်ထားခိုင်းပြီး ...

"မျက်စိကိုမှိတ်ထား၊ စိတ်ထဲဘာမှမတွေးနဲ့ ... လက်ပံကိုင်းနဲ့ မြေခဲကိုတော့ အသေအချာဆုပ်ထား ... ငါစည်းချလိုက်ဦးမယ်"

ဆို၍ ဇရပ်ဘေးဘက်တစ်ပတ် ပတ်လျှောက်ကာ ပါးစပ်က ရွတ်ဖတ်နေတယ်။

ပြီးတော့ ... ဖြူအေးရှေ့ရပ်ပြီး ခေါင်းကိုလက်ဝါးနဲ့ဖိပြီး



www.burmeseclassic.com

www.burmeseclassic.com



မန္တန် ရွတ်ပြန်တယ်။

ဖြူအေးလည်း အသားတွေ တဆတ်ဆတ်တုန်လာတယ်။ ဆရာကြီးကတော့ မန္တန်တွေ ရွတ်နေဆဲ ...

"ဝူး ... ဝူး ... "

"ဟင်"

ဖြူအေးရဲ့ပါးစပ်က အသံတွေထွက်လာတယ်။ မျက်လုံးကြီးကလည်း သာမန်ထက် ပြူးလာတာကြောင့် ကြည့်နေတဲ့ရွာသားတွေ လန့်လာတယ်။

ဆရာကြီးက မန္တန်ရွတ်တာကိုရပ်ပြီး ဖြူအေးခေါင်းကိုခပ်ပြင်းပြင်းတစ်ချက် ပုတ်လိုက်တယ်။

"ဝုန်း"

"ဟင်"

ဖြူအေးက ထိုင်လျှက်မှထခုန်တာ နှစ်တောင်လောက်တက်သွားပြီးပြန်ကျလာတယ်။ ဆရာကြီးက ပွဲတွေဘေးက ကြိမ်ကိုလှမ်းယူပြီး ဖြူအေးခေါင်းကို ဖိထားတယ်။

"ဟော့ ... မင်းရောက်လာပြီလား"

"ဖယ် ... ဖယ်ပေး"

ဖြူအေးက ခေါင်းပေါ်တင်ထားတဲ့ကြိမ်လုံးကိုဖယ်ဖို့ ပလုံးပထွေးပြောပေမယ့် သူကိုယ်တိုင် လက်နဲ့မထိရဲဘူး။

"ဘာလို့ဖယ်ရမှာလဲ"

"ကျုပ်ခေါင်းတွေ ကွဲတော့မယ် ဖယ်ပေးပါ"



www.burmeseclassic.com

www.burmeseclassic.com



အသံက ဖြူအေးအသံမဟုတ်တော့ဘူး … ဆရာကြီးကပြုံးပြီး

"ငါ … မေးတာမင်းဖြေရမယ် … ကြားလား"

"အင်း"

ဖြူအေးက ခေါင်းညိတ်တယ်။ ဆရာကြီးက …

"အေး … ဟုတ်ပြီ၊ မင်းဘယ်သူလဲ ဖြေစမ်း"

"မင်းဒင်"

"ဟင်"

"ဟာ"

ဖြူအေးပါးစပ်ကဖြေသံကြောင့် ကြည့်နေတဲ့ရွာသားတွေ အံ့သြ ထိတ်လန့်သွားတယ်။

"အေး … မင်းဒင်၊ မင်းက ဟိုတလောက တောထဲမှာကျား ကိုက်လို့သေသွားတာမလား"

"ဟုတ်တယ် … "

"သေတာအေးအေးသေပေါ့ကွ၊ ဘာလို့ရွာကလူတွေကို ဒုက္ခ ပေးတာလဲ"

ဆရာကြီးက မေးလေရာ မင်းဒင်က …

"မကျေနပ်လို့"

"ဘာကွ … ဘာမကျေနပ်တာလဲ ဖြောင်း … "

"အ … မ … လေး … ဗျ"

ဆရာကြီးက ကြိမ်လုံးကိုမြှောက်လျှက် မင်းဒင်ခေါင်းကို ခပ် ပြင်းပြင်းရိုက်ချလိုက်ရာ ငယ်သံပါအောင် အသံနက်ကြီးနဲ့အော်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း ... မင်းဘာမကျေနပ်စရာရှိလို့လဲ"

"ကျုပ် ... သချိုင်းမှာမနေရဘူး၊ ရွာပြင်က လက်ပံပင်မှာနေရတယ်၊ ကျုပ်မိန်းမကိုလည်း ဝိုင်းနှိမ်တယ်၊ ရွာပြင်ထုတ်ထားတယ် ကျုပ် ... လုံးဝ မကျေနပ်ဘူး"

"အေး ... ဟုတ်ပြီ၊ အဲလိုလုပ်တော့ မင်းဘာလုပ်ချင်လဲ"

ဆရာကြီးက ခပ်တင်းတင်းမေးလိုက်တယ်။

"ရွာကလူတွေကို ဒုက္ခရောက်အောင်လုပ်မယ်"

"ဘာကွ ... လုပ်ချင်ဦးကွာ၊ ဖြောင်း ... ဖြောင်း ... ဖြောင်း"

ဆရာကြီးက အားရပါးရ ကြိမ်နဲ့ရိုက်ရာ မင်းဒင်ဝိညာဉ်စီးနေတဲ့ ဖြူဖွေးမှာ ဇရပ်ကြမ်းပြင်ပေါ် လိမ့်နေအောင် ခံရတယ်။

"အမလေး ... သေပါပြီဗျ ... သေပါပြီ ... "

ထိုမြင်ကွင်းကိုမြင်နေရသလို အသံလည်းကြားနေရတဲ့ မစံပယ်တစ်ယောက် ဘယ်လိုမှမခံစားနိုင်တော့။ ဆုံးဖြတ်ချက်တစ်ခုကိုချကာ တဲပေါ်မှဆင်း၍ ဇရပ်တွင်းသို့ ပြေးဝင်လာတယ်။

"ဟော့ ... ဟော့ ... ကလေးမ ဘာ ... ဘာလုပ်တာလဲ"

"ဟာ ... "

"ဟင်"

ဇရပ်ထဲပြေးဝင်လာတဲ့ မစံပယ်မြင်တော့ အားလုံးအံ့အားသင့်နေသလို ဖြူဖွေးကလည်း ကြမ်းလို့နေတယ်။

"ဝုန်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ဖုန်း ... "

ပွဲတွေကိုလည်းယူလွှင့်ပစ်သလို ဖယောင်းတိုင်အမွှေးတိုင်တွေကိုလည်း ဆရာကြီးနဲ့ရှာသားတွေကို ကောက်ပေါက်တော့တယ်။

"စည်းပေါက်သွားပြီဟေ့ ... ပြေး ... ပြေးကြ ဒီကောင်အရမ်းကြမ်းနေပြီ"

"ပြေး ... ပြေး ... "

ဆရာကြီးနှင့်အတူ ရွာသားတွေက ဇရပ်ပေါ်မှဆင်းပြေးရာမြှဖွေးက ...

"စံပယ် ... "

"ဟင် ... မောင် ... မောင့်အသံ"

မစံပယ်အား တင်းကျပ်စွာဖက်ထားရင်း တဖြည်းဖြည်းပြေလျော့ကာ ဇရပ်ကြမ်းပေါ် ပုံရက်သားလဲကျသွားတယ်။

"အူ ... ဝူး ... "

ရွာဘက်သို့ပြေးသွားတဲ့ ဆရာကြီးနဲ့ရွာသားတွေနောက်ကိုတော့ သွန်စွာဒေါသထွက်နေတဲ့ခွေးနက်ကြီးက တစ်ဟုန်ထိုးပြေးလိုက်သွားတာကို မစံပယ်တွေ့လိုက်ရတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်သူမှမလွှဲပဲ ရှင်းနေတဲ့ ပွဲခက်ကြ ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၂)

## အဖြစ်ဆိုးတဲ့ သားအမိ

ရွာကလူတွေလည်း ထိုအဖြစ်အပျက်ဖြစ်ပြီးတဲ့နောက်မှာ မစံပယ်ကို မေးထူးခေါ်ပြောတောင်မလုပ်ကြတော့။ ကပ္ပိယကြီးရယ်၊ ဖြိုးဦးနဲ့ဒေါ်မြအေးတို့သာ မစံပယ်တို့သားအမိဆီကို လာကြတယ်။ မစံပယ်တစ်ယောက်လည်း စိတ်ထောင်းကိုယ်ကြေဖြစ်လာပြီး ကျန်းမာရေးချို့တဲ့လာတာကြောင့် အိပ်ရာထဲလဲတော့တယ်။

ဒေါ်မြအေးက မစံပယ်တို့သားအမိကိုကြည့်ပြီး စိတ်မချမ်းသာဘူး။

"စံပယ်ရယ် ... နင်က နေမကောင်းတော့ ကလေးလည်း နေမကောင်းလိုက်ဖြစ်တာပေါ့၊ သိပ်ပြီးအစွဲမထားပါနဲ့၊ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ရင်တောင် ကိုယ့်သမီးလေးအတွက် စဉ်းစားပါဦး"

"ဘယ်တတ်နိုင်မလဲ အဒေါ်ရယ် ... ဘဝက ဒီလိုဖြစ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဖြစ်တာ ကိုယ့်ဘာသာလုပ်တာ နင်နေမကောင်းတော့ ကလေးလည်း နို့ဘယ်ဝမလဲ"

"ဟိုတစ်ရက်က ကပ္ပိယကြီး မြို့ကအပြန် နို့မှုန့်ဝယ်လာပေးတယ်၊ အဲဒါတိုက်ထားတယ်"

"တော်သေးတာပေါ့"

ဒေါ်မြဒွေးတို့သားအမိက စံပယ်တို့ကိုစားဖို့ခက်မှာစိုးလို့ ဆန်အမြဲယူလာတယ်။ ကလေးအတွက်လည်း လိုတာလေးတွေယူလာပေးတော့ စံပယ်အတွက် စားသောက်ဖို့ကအခက်အခဲမရှိပေမယ့် ကျန်းမာရေးကတော့မကောင်း။

စံပယ်မျက်လုံးထဲမှာတော့ ကိုမင်းဒင်ဟာ သူတို့သားအမိကို လက်ပံပင်အောက်မှာ အမြဲထိုင်ကြည့်နေတယ်လို့ထင်တယ်။

တစ်ခါတစ်ရံ သူ့အိပ်ပျော်သွားလို့ ကလေးပုခက်ထဲအိပ်နေတဲ့အခါ ကလေးပုခက်ကရပ်မသွားဘူး။

ဒါကြောင့်လဲ ... အများကပစံပယ်တာခံရပေမယ့် သူ့အားရှိတယ်။

သူ့ယောက်ျားက သူတို့နားမှာအမြဲရှိနေတာလေ။

"အစ်မ ... ကျွန်တော် ရှေ့တစ်ပတ်ထဲ မြို့မှာစပါးသွားကြိတ်မလို့ ဘာမှာမလဲ"

"အင်း ... မှာစရာတော့မရှိပါဘူး"

"ဒါဆိုကလေးအတွက်လိုမယ်ထင်တာတွေ ကျွန်တော်ဝယ်ခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

မစံပယ်က ဒေါ်မြဲအေးတို့သားအမိကို အားနာလာတယ်။ သူနဲ့ သွေးမတော်သားမစပ် စေတနာထားကာ အမြဲကူညီကြတယ် လေ။

"နင့်အစ်မအတွက် ဆေးနီမှုန့်တော့ပါအောင်ဝယ်ခဲ့ ဖြိုးဦး၊ နေမကောင်းနေတာ ဆေးသောက်မှဖြစ်မှာပေါ့"

"စိတ်ချအစ်မ ... ကျုပ်ဝယ်ခဲ့မယ်၊ အစ်မလည်းကျန်းမာရေး ဂရုစိုက်ဗျာ၊ ကလေးကရှိသေးတယ်"

"အေးပါကွယ်"

မစံပယ်က သူ့ဘေးမှာအိပ်မောကျနေတဲ့ သူ့သမီးလေးနဖူးကို အသာအယာပွတ်ပေးလိုက်တယ်။

"တို့ပြန်ဦးမယ် စံပယ် ... ဆန်ထားခဲ့တယ် လိုတာရှိရင် ဖြိုးဦးလယ်ထဲကပြန်တဲ့အခါမှာလိုက်ပေါ့"

"ဟုတ်ကဲ့ အဒေါ် ... "

ဒေါ်မြဲအေးတို့သားအမိ ပြန်သွားတော့ မစံပယ်လည်း သူစားဖို့ ဆန်ပြုတ်ထပြုတ်တယ်။ အစားအသောက်ကို မသေရုံသာစားနေရ သလို ကျန်းမာရေးမကောင်းတာကြောင့်လည်း လူကပိန်ကပ်နေ တယ်။

ဒီလိုနဲ့ ... တစ်ရက်မှာ ...

"အစ်မရေ ... အစ်မ ... မစံပယ်"

ဖြိုးဦးတို့သားအမိနှင့်အတူ ကပ္ပိယကြီး ... ပြီးတော့ လူစိမ်း



www.burmeseclassic.com

www.burmeseclassic.com



လေးယောက်။ မစံပယ်ရဲ့ တဲရှေ့ရောက်လာပြီး ဖြိုးဦးက တဲထဲကိုခေါ်ပေမယ့် ဘာသံမှမကြားရဘူး ...

"အိပ်ပျော်နေလားမသိဘူး"

ဖြိုးဦးကပြောတော့ ဒေါ်မြအေးက ...

"ခဏလေး ... ကျွန်မ တဲထဲဝင်ကြည့်လိုက်မယ်"

ပြော၍ တဲထဲဝင်လိုက်ရာ ...

"ဟင်"

တဲပေါ်ရှိ အခန်းထဲမှာ မစံပယ် သတိလစ်နေတယ်။ ကလေးကပုခက်ထဲမှာ အိပ်နေတယ်။ ထူးဆန်းတာက ကလေးပုခက်ဒေါ်မြအေးဆင်းသွားမှရပ်သွားသလိုဖြစ်ပေမယ့် အရှိန်နဲ့ ရမ်းနေတုန်း။

"စံပယ် ... စံပယ် ... ဟင်"

ဒေါ်မြအေးက မစံပယ်နဖူးကိုစမ်းကြည့်တော့ ကိုယ်တွေကခြစ်ခြစ်တောက်အောင်ကိုပူနေတာ ...

"အထဲဝင်လာကြ ဒီမှာ ... စံပယ် သတိလစ်နေတယ်"

ဒေါ်မြအေးအသံကြောင့် တဲပြင်ကလူတွေ တဲထဲကိုဝင်လာကြတယ်။

"အမလေး ... သမီးရဲ့ ဘယ်လိုဖြစ်ရတာလဲ"

လူစိမ်းတွေထဲက အမျိုးသမီးကြီးက မစံပယ်ကိုဖက်ကာ အားပါးရငိုတော့တယ်။ ယောက်ျားကြီးတစ်ဦးက ...

"ဖြစ်ရလေ သမီးရယ် ... ဒီလောက်ဒုက္ခရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မိဘတွေဆီပြန်မလာဘူး၊ ဟော့ ... ဖိုးသစ်နဲ့မျိုးအောင် ရှာထဲသွားပြီး လှည်းနှစ်စီးငှားလာခဲ့၊ တို့ကားတွေထားတဲ့ ရွာသစ်ကြီးကို ငါ့သမီးကိုခေါ်ပြီး လှည်းနဲ့သွားမယ်''

''ဟုတ်ကဲ့ ... သူဌေး''

လူစိမ်းလူငယ်နှစ်ယောက်က ခပ်သုတ်သုတ်ရွာထဲသွားကြတယ်။ ကပ္ပိယကြီးက ...

''ကျုပ်တို့ သူ့ကိုမိဘတွေဆီပြန်ဖို့ အမျိုးမျိုးပြောပေမယ့် မရဘူး၊ ဒုက္ခဆင်းရဲခံပြီး သူ့ယောက်ျားမြေပုံနားမှာနေတယ်''

''အင်း ... ကျုပ်တို့လည်း သမီးကိုချစ်တဲ့ဇောနဲ့ မလုပ်သင့်တာလုပ်တယ်ဆိုပြီး ပစ်ထားခဲ့တာ မှားတာပဲ ... ကပ္ပိယကြီးနဲ့ ဒီကမောင်ဖြိုးဦးလာပြောလို့ သိသိခြင်း လိုက်လာတာ ...

ကျုပ်တို့မြေး လူမမယ်လေးလည်း ဒုက္ခရောက်ရတယ်၊ ကျုပ်ဘယ်လောက်ကုန်ကုန် ကျုပ်သမီးကိုကုမှာပါ၊ ဒီက ကပ္ပိယကြီးနဲ့ မောင်ဖြိုးဦးတို့သားအမိကို ကျေးဇူးအရမ်းတင်ပါတယ်''

''ရပါတယ် ... သူဌေးရယ်၊ မိန်းကလေးဘဝ သူ့နေရာမှန်ပြန်ရောက်တာပဲ ဝမ်းသာလှပါပြီ''

သူတို့စကားပြောနေကြပြီး ... မကြာခင်မှာပဲ လှည်းနှစ်စီးရောက်လာတယ်။ ဖြိုးဦးက မစံပယ်ကို လှည်းတစ်စီးပေါ်ပွေ့တင်ပေးတယ်။

''ဝါး ... ဝါး ... ''

''ဟင်...''



www.burmeseclassic.com

www.burmeseclassic.com



မစံပယ် မိခင်လက်ထဲက ကလေးက ဘယ်လိုမှချော့မရအောင် ငိုနေတယ်။

"တိတ်ပါမြေးရယ် ... တိတ် ... "

"ဝါး ... ဝါး ... "

ကလေးက အငိုလုံးဝမရပ်။ မစံပယ်ကိုတင်ထားတဲ့ လှည်းထွက်မယ်လုပ်တော့ လှည်းကဘယ်လိုမှထွက်လို့မရ။

"ဟဲ့ ... နွား ... သွားစမ်း ... "

လှည်းမောင်းသူက အတင်းမောင်းပေမယ့် နွားတွေက ရုန်းတယ်။ သို့ပေမယ့် ...

လှည်းကလုံးဝမလိမ့်ဘူး။ ကပ္ပိယကြီးက သဘောပေါက်စွာနဲ့

"မောင်မင်းဒင် ... မင်းက တမလွန်ဘုံသားဖြစ်နေပြီ၊ မင်းမိန်းမနဲ့ကလေးကို မင်းသနားပါ ... ဒီမှာဆက်နေရင် ဒုက္ခရောက်နေတာ မင်းအမြင်ပဲ၊ သူတို့ကို မင်းတကယ်ချစ်တယ်ဆိုရင် သွားခွင့်ပြုလိုက်ပါကွယ် ... "

"ဝုန်း"

ကပ္ပိယကြီး စကားဆုံးတော့ မစံပယ်ကိုတင်ထားတဲ့ လှည်းကဆောင့်ထွက်လို့သွားတယ်။

ဖိုးဦး၊ ဒေါ်မြအေးနဲ့ကပ္ပိယကြီးတို့က တဖြည်းဖြည်းဝေးသွားတဲ့ လှည်းတွေကို စိတ်မကောင်းစွာကြည့်ရင်း ကျန်ခဲ့တယ်။

မြေကြီးမှာဒူးထောက်ပြီး ရှိုက်ကာငိုရင်း လှည်းတွေကိုကြည့်နေတဲ့ အပယ်ဘုံသားတစ်ဦးကိုတော့ ဘယ်သူမှ မြင်တွေ့ခြင်းမရှိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူသိပ်ချစ်တဲ့ ဇနီးနဲ့သမီးလေးကတော့ သူနဲ့ဝေးရာကို သွားကြပြီလေ။



www.burmeseclassic.com

www.burmeseclassic.com

ကိုမင်းဒင်က မစံပယ်ကို လာခေါ်တော့ ...

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၃)

## နှစ်လည်တဲ့ ညတစ်ည

မစံပယ်ရဲ့မိဘတွေက မစံပယ်ကို အတော်ဆုံးဆိုတဲ့သမား တော်ကြီးတွေပင့်ပြီး ဆေးကုပေးတယ်။ လူက ကျန်းမာလာပေမယ့် သူ့ရဲ့စိတ်တွေက ကွယ်လွန်သူ လင်ယောက်ျားကို စွဲစွဲလမ်းလမ်းနဲ့ တမ်းတနေတယ်။

"စံပယ် ... ပြီးခဲ့တာတွေ မေ့လိုက်ပါတော့၊ လူသစ်စိတ်သစ်နဲ့ နေပါလားသမီးရယ်"

အန်တီစိမ်းဆိုတာ မစံပယ်မိခင်ရဲ့ ညီမအငယ်ဆုံးအပျိုကြီး တစ်ယောက်။ မစံပယ်ကိုသိပ်ချစ်တာ ငယ်ငယ်တည်းကထိန်းလာတဲ့ သူ။ တူမရဲ့အဖြစ်ကိုကြည့်ပြီး သူက စိတ်မကောင်း။ အမြဲလိုလို အိပ်ခန်းပြတင်းပေါက်ကနေ လမ်းဘက်ကိုကြည့်နေတတ်တဲ့ မစံပယ် ရဲ့ ခံစားမှုကိုသူကနားလည်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီလေး ... မောင်က စံပယ်တို့သားအမိကို သိပ်ချစ်တာ၊ ဝိညာဥ်ဘဝရောက်တာတောင် မောင်က စံပယ်တို့သားအမိကို စောင့်ရှောက်ပေးတယ်၊ အခုလို ... မောင်တစ်ယောက်တည်းနေခဲ့တော့ ဘယ်လိုနေမလဲမသိဘူး"

"စံပယ်ရယ် ... ဘဝချင်းမှမတူတော့တာ"

"ဟင့်အင်း ... ဘဝချင်းမတူပေမယ့်လည်း မောင်ကစံပယ်တို့သားအမိကို ချစ်တယ်"

မစံပယ်ရဲ့အစွဲအလမ်းကို အန်တီစိမ်းက ဘယ်လိုဖြေဖျောက်ဖြေဖျောက်မရခဲ့။

မစံပယ်တစ်ယောက် သူ့ယောက်ျားကိုတမ်းတစိတ်နဲ့ လက်ပံရွာကိုသွားမယ်လုပ်တိုင်း မိဘများကခွင့်မပြုကြ။ မစံပယ်ရဲ့စိတ်ပိုင်းဆိုင်ရာအခြေအနေ ပိုဆိုးသွားမှာကို စိုးရိမ်တာကြောင့်ဖြစ်တယ်။

ညဘက်ဆိုလည်း မစံပယ်ကတော်တော်နဲ့မအိပ်။ ခွေးအူသံတွေ ကြားတာနဲ့ ပြတင်းပေါက်ကိုဖွင့်ကာအပြင်သို့ကြည့်နေတယ်။

"စံပယ်ရယ် ... ခွေးတွေက သူ့သဘာဝအတိုင်း မဲမဲမြင်တာနဲ့ဟောင်မယ် အူမယ် ထကြည့်မနေပါနဲ့ အိပ်ရေးပျက်တယ်"

"မဟုတ်ဘူး ... အန်တီလေး၊ အဲလိုခွေးအူရင် မောင်စံပယ်တို့ဆီအမြဲလာတယ်၊ ခုလည်း သူလာတာလားမသိဘူး"

"ဟင်"

အန်တီစိမ်းက သက်ပြင်းကိုချကာ ခေါင်းခါလိုက်တယ်။ သူတူမရဲ့အစွဲအလမ်းကြီးပုံကို သူဘယ်လိုမှဖြေသိမ့်မရတော့။



www.burmeseclassic.com

www.burmeseclassic.com



တဖြည်းဖြည်းအချိန်တွေကြာလာသော်လည်း မစံပယ်ရဲ့အစွဲအလမ်းက ပျောက်မသွားခဲ့။

"အန်တီ ... ဒီနေ့ မောင့်ကို စံပယ်သင်္ဂြိုဟ်တာ တစ်နှစ်ပြည့်ပြီ ..."

"ဟင် ... ဟုတ်လား"

"ညရောက်ရင် မောင်လာမလားမသိဘူး"

"မဟုတ်တာတွေ ပြောမနေပါနဲ့ စံပယ်ရယ်၊ ဝိညာဉ်လောကမှာလည်း သူ့စည်းနဲ့သူရှိမှာပေါ့၊ နေရာတိုင်းကို သွားချင်တိုင်းသွားလာချင်တိုင်းလာလို့မှမရတာ"

"အင်း ... စံပယ်စိတ်ထဲမှာထင်နေတယ်"

"ဘာလဲ စံပယ်"

"ဒီည ... မောင် စံပယ်ဆီလာလိမ့်မယ်"

မစံပယ်က တက်ကြွစွာပြောတယ်။ အန်တီစိမ်းက သူ့တူမကို စိတ်မကောင်းစွာကြည့်နေရုံကလွဲပြီး ဘာမှမပြောတော့။ သမီးလေးကလည်း အခုဆို တစ်နှစ်ကျော်ပြီဆိုတော့ အဖိုးအဖွားတို့က လွန်စွာချစ်ကြတယ်။

ကျန်းမာရေးမကောင်းတော့ မစံပယ်က နို့လည်းမတိုက်တော့။ နို့မှုန့်သာ အဖိုးအဖွားတွေက ဖျော်တိုက်တယ်။ ညဘက်ဆိုလည်း အဖိုးအဖွားတွေနဲ့သာအိပ်တယ်။

အိမ်သားတွေနဲ့လည်း ရောရောနှောနှောမနေတဲ့ မစံပယ်ဟာ တစ်ယောက်တည်းသာနေတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူစကားအများဆုံးပြောတာဆိုလို့ အန်တီစိမ်းတစ်ယောက်သာ ရှိတယ်လေ။

"စံပယ်ကို မေးရဦးမယ်"

"ဘာများလဲ အန်တီ"

"မောင်မင်းဒင်ဆုံးတော့ ရက်လည်ဆွမ်းသွတ်သေးလား"

"ဟင့်အင်း"

"ဟင် ... ဘာလို့လဲ"

အန်တီစိမ်းက အံ့ဩသွားတယ်။ မစံပယ်က ...

"ဆွမ်းသွတ်လို့ ဘဝတစ်ပါးကို မောင်ပြောင်းသွားရင် စံပယ်တို့နားမှာ ဘယ်နေနိုင်တော့မလဲ"

"ဟယ် _ စံပယ် နင်ဘယ်လိုပြောလိုက်တာလဲ မောင်မင်းဒင် တစ္ဆေသရဲဘဝရောက်မှာကို နင်ကျေနပ်နေတယ် ဟုတ်လား ... တစ္ဆေသရဲဆိုတာ ပြိတ္တာလေ ... ပြိတ္တာဘဝဆိုတာ ဘယ်လောက်ဒုက္ခရောက်လဲ သိလား"

"ဟင့်အင်း ... စံပယ်ကတော့ မောင် စံပယ်တို့နားမှာပဲ အမြဲရှိနေချင်တယ်၊ မောင်ကလေ စံပယ်တို့သားအမိကို သိပ်ချစ်တာ"

"ဟင်း"

အန်တီစိမ်းတစ်ယောက် သက်ပြင်းကိုသာချလိုက်လေတော့တယ်။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

"အု ... ရှူး ... "

"ဟင်"

ဒီညလကွယ်ည ... ကိုမင်းဒင်ဆုံးတာ တစ်နှစ်ပြည့်ပြီ။ မစံပယ် အိပ်ခန်းပြတင်းပေါက်မှတစ်ဆင့် ခြံပြင်ကိုငေးနေတယ်။ တဖြည်းဖြည်း ညဉ့်နက်လာပေမယ့် မစံပယ်တစ်ယောက် ကိုမင်းဒင် သူ့ဆီလာမလားဆိုတဲ့အတွေးနဲ့ ကြည့်နေစဉ်မှာပဲ ရုတ်တရက် ခွေးအူ သံကြားရတယ်။

"အု ... ရှူး ... "

"မောင် ... လာနေတာလား၊ ဒီခွေးအူသံက ရွာမှာနေတုန်း က အူတဲ့ခွေးအူသံမျိုးပဲ"

စိတ်ထဲကတွေးနေစဉ်မှာပဲ ခွေးအူသံကတဖြည်းဖြည်း ခြံနားကို နီးကပ်လာတယ်။

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ခြီရှေ့မှောင်ရိပ်ထဲမှာ တွေ့လိုက်ရတာက မောင့်ရဲ့အရိပ်။

"မောင် ... မောင်များလား"

သူသေချာကြည့်တယ်။ လုံးဝမမှားနိုင်။

"မောင် ... မောင်ငါ့ဆီလိုက်လာတယ်၊ မောင် ... ငါ့ဆီ တကယ်လာတာပဲ"

ရင်ထဲထိတ်ခနဲဖြစ်သွားပြီး ပြတင်းပေါက်ကနေ သူလက်လှမ်း ပြလိုက်တယ်။

"ဟင်"

ခြီရှေ့မှ မောင်ကလည်း သူ့ကိုလက်လှမ်းပြတယ်။ သူ့စိတ်တွေ ဘယ်လိုမှမထိန်းနိုင်တော့ အခန်းထဲမှအသံမကြားအောင်ထွက်လာ ပြီး အိမ်တံခါးကို အသာဖွင့်လိုက်တယ်။

"ကျွီ ... "

အိမ်သားအားလုံး အိပ်မောကျနေတဲ့အချိန်ဆိုတော့ မစံပယ် အိမ်ထဲကထွက်လာတာကို ဘယ်သူမှမသိကြ။ ခြီတံခါး မင်းတုံးဂျက် ကိုဖြုတ်ပြီး အိမ်၏ခြီပြင်ကို ပြေးထွက်လာတယ်။

"မောင်"

ခြီပြင်မှောင်ရိပ်မှာရပ်နေတဲ့ မောင့်ကို သူလှိုက်လှိုက်လှဲလှဲခေါ် လိုက်တယ်။

"မောင် ... စံပယ်ဆီလိုက်လာတာလား"

ကျောခိုင်းကြီးရပ်နေတဲ့ မောင့်ကို စံပယ်မေးလိုက်တယ်။ မောင် က လှည့်မကြည့်ပေမယ့် ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... စံပယ်ကို လာခေါ်တာ"

"စံပယ်ကိုလာခေါ်တာ"

"ဟုတ်တယ် ... မောင် စံပယ်ကိုအရမ်းသတိရတာပဲ၊ လာခွင့်မရလို့ စံပယ်ဆီ မလာရတာ ... ခုတော့ မောင်လာခွင့်ရတုန်း လာခေါ်တာ သမီးလေးကိုလည်း စိတ်ချရပြီမလား ... စံပယ်လိုက်ခဲ့နော်"

"မောင်"

စံပယ်မျှော်လင့်နေတဲ့မောင်။ စံပယ်ကိုလာခေါ်တာတဲ့ နေ့စဉ် မောင့်ကို တမ်းတနေတဲ့ ခံစားမှုထက်စာရင် မောင့်နောက်ကိုလိုက် သွားဖို့ စံပယ်ဆုံးဖြတ်လိုက်တယ်။

"အု ... ဝူး ... "

အဲဒီအချိန်မှာ ခွေးတစ်ကောင်က ထအူတယ်။ မောင်က စံပယ် လက်ကိုလှမ်းဆွဲပြီး ...

"လာ ... စံပယ် တို့တွေ လက်ပံဂွရွာထိပ်ကဇရပ်ကို သွား ကြမယ်"

"မောင်"

အေးစက်နေတဲ့ မောင့်လက်ကြီးက စံပယ်လက်ကို ခပ်တင်း တင်းဆုပ်ထားတယ်။

"အု ... ဝူး ... "

ခွေးအူသံတွေက ပိုကျယ်လာတယ်။

"အချိန်မရှိဘူး စံပယ် ... လာ မြန်မြန် ... "



www.burmeseclassic.com

www.burmeseclassic.com



မောင်က ဘာကိုကြည့်ပြောသည်မသိ။ စံပယ့်ကို အတင်းဆွဲခေါ်တော့ စံပယ်လည်း မောင့်နောက်ကိုလိုက်လာတယ်။ မြို့ပြင်ရောက်တော့ သူတို့ပြေးလာတဲ့ရှေ့မှာ အရှိန်ပြင်းပြင်းနဲ့ ကုန်ကားတစ်စီး မောင်းလာတယ်။

"မောင် ... ရှေ့ ... ရှေ့မှာကား ... "

မောင်က ကားကိုမမြင် စံပယ်လက်ကိုဆွဲရင်းအတင်းပြေးရာ

"အား ... "

"ဒိန်း ... "

စံပယ် ဘယ်လိုမှမရှောင်နိုင်တော့ဘဲ ကုန်ကားတည့်တည့်ကို ဝင်တိုးမိသဖြင့် ငယ်သံပါအောင် အော်ဟစ်ပြီးလဲကျလို့သွားတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

အခ္ဍာဂဝ္ဟာ လာဆိုတဲ့
သားအမိနှစ်ယောက်ဟာ ၀၀၀

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၄)

## လူလာဖြစ်တဲ့သူ

လမုန်းသင်္ချိုင်း ...

ကြီးမားတဲ့ ငုဝါပင်အောက်မှာ အုတ်ဂူတစ်လုံးရှိတယ်။ နှစ်တွေကြာလာပေမယ့် အုတ်ဂူကို နှစ်စဉ်ထိန်းသိမ်းတဲ့သူရှိတာကြောင့် အုတ်ဂူလေးက ဆေးရောင်ဖြူဖြူလေးနဲ့သစ်လွင်နေတယ်။

"အဖြစ်အပျက်တွေကတော့ အဲဒါပဲ ... ညကြီးရယ်၊ အဖွားလေးလည်း သမီးအမေသေတဲ့ညက သူ့ကိုသတိထားစောင့်ကြည့်ပါတယ် ...

ခွေးအူသံကြားပြီး ဘယ်လိုအိပ်ပျော်သွားမှန်းမသိဘူး၊ မနက်ရောက်မှ တာဝန်ရှိသူတွေလာအကြောင်းကြားလို့ မြို့ပြင်အထွက်မှာ သမီးအမေကားတိုက်ခံရတာကို သိရတာ ... "

အဖွားလေးခေါ် ဒေါ်စိမ်း ... ဒါမှမဟုတ် မစံပယ်ရဲ့အန်တီ အန်တီစိမ်းက တူမရဲ့သမီး ညကြီးကို ရှင်းပြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ညကြီးအသက်က ခုဆို အသက်နှစ်ဆယ့်တစ်နှစ်ကျော်နေပြီ။ သူတစ်နှစ်ကျော်ကျော်အရွယ်တည်းက သူ့မိခင်ဆုံးသွားတာ အဖိုး အဖွားတွေနဲ့ကြီးရပေမယ့် မိခင်ရဲ့အုတ်ဂူကို နှစ်ပတ်လည်တိုင်း လာရောက်ကန်တော့တယ်။

ရန်ကုန်နည်းပညာတက္ကသိုလ်မှာ ကျောင်းတက်နေပေမယ့် မိခင်ဆုံးတဲ့ရက်ဆို လမုန်းကိုရောက်ပြန် ကန်တော့တယ်လေ။

"အဖွားလေး ... အမေ့ကို အဖေကလာခေါ်တာဆို"

"အင်း ... ပြောရမှာ ပုံပြင်လိုပဲမြေးရယ်၊ စံပယ်က သမီး အဖေ မင်းဒင်ကိုသိပ်ချစ်တာ၊ သမီးအဖေဆုံးတာတောင် အလောင်းနဲ့အတူအိပ်ခဲ့တာ၊ ရွာကလက်မခံလို့ ရွာပြင်ထုတ်ခံရတော့လဲ သမီး အဖေ မြေပုံနားမှာ တဲထိုးနေတယ်လေ ...

သမီးအဖိုးနဲ့အဖွားက အိမ်ခေါ်လာတော့လည်း တစ်နေ့တစ်နေ့ သူ့ယောက်ျားကိုပဲမျှော်နေတာ၊ သမီးအဖေ သူ့ကိုတကယ်ပဲလာခေါ်တာလား၊ သူကပဲ စိတ်တွေကယောင်ချောက်ချားဖြစ်ပြီး အိမ်က ထွက်ပြေးလို့ ကားတိုက်ခံရတာလားဆိုတာ ... သမီးအမေပဲ သိမှာပါ ...

အဖွားလေးတို့မိသားစုအကြောင်းသိတဲ့ ပတ်ဝန်းကျင်ကသူတို့ ထင်ရာက ပြောနေကြတာပါ ... "

အဖွားလေးက ညကြီးကို ရှင်းပြတယ်။

"အင်း ... အဖေ့ကိုသင်္ဂြိုဟ်တဲ့ ရက်နဲ့အမေသေတဲ့ရက်က တစ်နှစ်ကွာပေမယ့် တစ်ရက်တည်းနော်"

---

ရိုရင့်ဒအောင်ဓာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... တိုက်ဆိုင်မှုဆိုတာထက် ကာယကံရှင်တွေ ရဲ့ ဆုတောင်းတွေပေါ့မြေးရယ်၊ ဒါပေမဲ့ ... ကံချင်းတော့ ဘယ်တူ မလဲ ...

သမီးအဖေ တစ္ဆေကြီးဖြစ်နေလို့ သမီးအမေသေတဲ့အခါ တစ္ဆေ ဖြစ်မယ် တစ္ဆေဘဝမှာပေါင်းကြမယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ ပြုခဲ့တဲ့ ကုသိုလ်အကျိုးဆက်အတိုင်းသာ ဘဝတွေဖြစ်ကြတာလေ"

"အမေက သူသေရင် အဖေနဲ့အတူနေရမယ်လို့ ပုံသေတွက် ထားတာပေါ့နော်"

ညကြီးကမေးတော့ အဖွားလေးက ခေါင်းညိတ်ပြီး ...

"စွဲလမ်းစိတ်နဲ့ ထင်ရာတွေးတဲ့အတွေးပေါ့၊ သမီးအဖေကို စံပယ်က ဘယ်လောက်ချစ်လည်းဆိုရင် ရက်လည်ဆွမ်းသွတ်အမျှ တောင် ဝေမပေးဘူး"

"ဟင် ... ဘာလို့လဲ"

"တစ္ဆေဘဝရောက်နေလဲ သူကချစ်တယ်တဲ့၊ သူ့နားမှာနေလို့ ရတယ်ဆိုတဲ့ အစွန်းရောက်နေတဲ့ အတွေးပေါ့ကွယ်"

ညကြီး အံ့ဩတုန်လှုပ်သွားတယ်။ သူ့မိခင်က သူ့ဖခင်အပေါ် ချစ်တဲ့ချစ်ခြင်းကို သူနားလည်ရခက်သွားတယ်။

"လက်ပံဂွရွာကလူတွေကလည်း ညကြီးနဲ့အမေ့ကို ရက်စက် ကြတယ်နော်"

"အယူသီးမှုတွေပေါ့ကွယ်၊ ဒါပေမဲ့ ... အဲဒီအချိန်တုန်းက လက်ပံဂွရွာကလူတွေ တကယ်အခြောက်ခံရတာလို့ ပြောကြတယ်



www.burmeseclassic.com

www.burmeseclassic.com



လက်ပံဂွရွာမှာလဲ မြေးနဲ့မြေးအမေတို့အပေါ် စေတနာမေတ္တာ သန့်သန့်နဲ့ ကူညီခဲ့သူတွေရှိပါတယ်''

''အဖွားပြောပြောနေတဲ့ ဦးဖြိုးဦးရယ်၊ အဖွားဒေါ်မြအေးရယ်၊ ကပ္ပိယကြီးရယ်မလား''

''ဟုတ်တယ်မြေး ဟုတ်တယ် ... ''

အဖွားလေးက ခေါင်းညိတ်ပြတယ်။

ညကြိုးက ...

''ညကြိုး လက်ပံဂွရွာကိုသွားချင်တာ လမ်းကလည်းမကောင်း ဝေးလည်းဝေး အဖွားနဲ့အဖိုးကလည်း ... ခွင့်မပြုတော့ မသွားရဘူး''

''မြေးက ဘာသွားလုပ်ချင်တာလဲ''

''ကျေးဇူးရှင်တွေကို တွေ့ချင်တာရယ်၊ ပြီးတော့ ... အဖေ့ မြေပုံကိုကန်တော့ပြီး အဖေ ဒီနေ့ထိ မကျွတ်မလွတ်ဘဲ ဝိညာဉ်ဘဝ နဲ့ရှိနေလား ... ပြီးတော့ ... ''

ညကြိုးက စကားကိုရပ်လိုက်တော့ အဖွားလေးက ...

''ဘာသိချင်သေးတာလဲ မြေး ... ''

''အမေ ... အမေ ဝိညာဉ်ဘဝနဲ့ အဖေနဲ့အတူရှိနေမလား ဆိုတာ ... ''

''မြေးရယ် ... မြေးသိချင်တာတွေ တစ်နေ့တော့ လက်ပံဂွ ရွာသွားစုံစမ်းပေါ့ ... လာ ... အဖွားလေးတို့လည်း ပြန်ကြ မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... အဖွားလေး ... "

ညကြီးက သူ့မိခင်အုတ်ဂူကို တရိုတသေကန်တော့ပြီး အဖွားလေးနဲ့အတူ သချိုင်းမှထွက်ကာ အိမ်ကိုပြန်လာခဲ့တော့တယ်။

☠☠☠

ရိုးရာဝင်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

သချိုင်းမှပြန်လာပြီး အိမ်ထဲဝင်တော့ ဧည့်ခန်းထဲတွင်တွေ့လိုက်ရတဲ့ မိန်းကလေးကိုကြည့်ပြီး ညကြီး အံ့ဩသွားတယ်။

သူက ညကြီးကိုကြည့်လဲ့နေတဲ့ ရင်းနှီးတဲ့အကြည့်တွေနဲ့ကြည့်နေတယ်။ အဖိုးက ...

"မြေးလေး လာ ... ထိုင်၊ ဒီမှာဧည့်သည်ရောက်နေတယ်"

"ဟုတ် ... ဟုတ်ကဲ့"

ညကြီးက ဧည့်ခန်းစတီထိုင်ခုံလွတ်တစ်လုံးမှာ ဝင်ထိုင်တယ်။ အဖွားက ...

"မြေး ... သူ့ကိုသိလား"

"အင်း ... သိတယ် ဂီတလောကမှာ အရမ်းအောင်မြင်နေတဲ့ အဆိုတော် သဉ္ဇာရစ်နွယ်မလား"



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးက ပြုံးလိုက်တယ်။ ပြုံးတဲ့အပြုံးက နွမ်းနွမ်းလေး အရှယ်က သူ့ထက်နှစ်နှစ်ကျော်လောက်ငယ်ပေမယ့် အလွန်တည်ငြိမ် နေတယ်။

အဖိုးက ...

"ဒီမိန်းကလေးက မြေးအမေအကြောင်း အကုန်သိနေတယ်"

"ရှင် ... "

ညကြီး အရမ်းအံ့သြသွားတယ်။ လူငယ်ပီပီ ပွင့်ပွင့်လင်းလင်းနဲ့

"ဘယ်လိုသိတာလဲ မသဥ္ဇာ ... "

သဥ္ဇာကချက်ခြင်းမဖြေဘဲ ညကြီးကို နွေးနွေးထွေးထွေးအမူ အရာနဲ့ ခဏကြည့်ပြီးမှ ...

"မစံပယ်အကြောင်း ဘာလို့သိလဲဆိုရင် သဥ္ဇာဟာ မစံပယ် ဖြစ်ခဲ့လို့ပဲ"

"ရှင် ... မဖြစ်နိုင်တာ၊ အမေကသေသွားတာ အနှစ်နှစ် ဆယ်ရှိပြီ၊ မသဥ္ဇာဟာ ညကြီးအမေဘယ်လိုဖြစ်နိုင်မှာလဲ၊ မသဥ္ဇာက အနုပညာသမားပီပီ ဇာတ်လမ်းတွေ လာမထွင်ပါနဲ့ ...

ညကြီးတို့မိသားစု ဒီနေ့ထိ အမေ့အတွက် ကြေကွဲနေရတုန်း ပါ"

ညကြီးက ခါးခါးသီးသီးပြောပေမယ့် သဥ္ဇာရဲ့မျက်နှာက လုံး၀ မပျက်။ ညကြီးကို ရီဝေဝေကြည့်ပြီး ...

"သဥ္ဇာ ... တကယ်ပြောတာပါ၊ သဥ္ဇာ ရူးသွပ်နေသူလည်း မဟုတ်ဘူး၊ ဇာတ်လမ်းလာရေးတာလည်းမဟုတ်ဘူး၊ အခုလက်ရှိ



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ လက်ရှိဘဝကိုသိပြီးသားပါ၊ အဲလိုပဲ မစံပယ်ရဲ့ဘဝ ခံစားမှုအားလုံးကိုလည်းသိနေတယ်၊ ပြီးတော့ ... မိခင်တစ်ယောက်ရဲ့မေတ္တာ မိန်းမတစ်ယောက်ရဲ့သစ္စာ အဲဒီခံစားမှုတွေကြောင့် သဒ္ဓါ ဒီရောက်လာတာ''

သဒ္ဓါရဲ့လေသံတွေက အရှယ်နဲ့ကွာခြားလွန်းပြီး တည်ငြိမ်နေတယ်။ ညကြိုးက ...

''ညကြိုး ဘာမှနားမလည်ဘူး၊ သဒ္ဓါက အမေသေလို့ဝင်စားတာလို့ပြောချင်တာလားဟင်''

''လူဝင်စားတွေဟာ ဘဝတွေမှတ်မိချင် မှတ်မိမယ်၊ ခံစားမှုကို သယ်မလာကြဘူးလို့ သဒ္ဓါသိထားတယ် ... ခု ... သဒ္ဓါ လွန်ခဲ့တဲ့ လပိုင်းလောက်က အိပ်မက်မက်တယ်၊ လကွယ်ညတိုင်းမက်တာ မက်ပြီးတိုင်း ကိုယ့်ကိုယ်ကိုယ် မစံပယ်ရဲ့ခံစားမှုတွေ ခံစားရတယ်၊ ဘယ်လိုဖျောက်ဖျောက်မရဘူး ...

လက်ပံဂွရွာမှာ မစံပယ်ရဲ့မိဘ၊ ဒီကအဖေနဲ့အမေ ယောက်ျား ကိုမင်းဒင်၊ ဒီက ... သမီး ... အဲ ညကြိုး၊ အားလုံးကိုမြင်လာတယ်၊ ကိုယ့်ကိုယ်ကိုယ် စိတ်ဝေဒနာသည်ဆိုပြီး ဆရာဝန်နဲ့ပြတော့ ဘာရောဂါမှမရှိဘူး ...

အခု ဒီနေ့လကွယ်နေ့အရောက် လမုန်းမြို့ကိုလာချင်တဲ့စိတ်ကို ဘယ်လိုမှတားမရဘူး၊ စိတ်ထဲမှာ ကိုမင်းဒင်ကိုတွေ့ရမယ်ထင်နေတာရယ်၊ ကိုယ့်အလောင်းမြှုပ်ထားတဲ့ သင်္ချိုင်းကိုရောက်ချင်တာရယ်ကြောင့် ဒီရောက်လာတာ ... ''



www.burmeseclassic.com

www.burmeseclassic.com



သဥ္ဇာရစ်နွယ်က ရှည်လျားစွာရှင်းပြတယ်၊ ပြီးတော့… မစံပယ် ငယ်ဘဝကစလို့ ကိုမင်းဒင်နဲ့ညားခဲ့ပုံ ညကြီးကိုမွေးခဲ့ပုံ လက်ပံဂွ ရွာပြင်မှာ နေတာကစလို့ ကိုမင်းဒင် သူ့ကို လာခေါ်လို့လိုက်သွားရာက ကားတိုက်ခံပြီး သူ့ဝိညာဉ်လွင့်သွားရာက ကိုမင်းဒင်နဲ့မတွေ့တော့တာ ကို အစအဆုံးရှင်းပြတော့ အဖိုးနဲ့အဖွားက မျက်ရည်တွေကျပြီး လက်ခံလာတယ်။

ညကြီးလည်း မျက်ရည်တွေ မထိန်းနိုင်တော့။ မိခင်တစ် ယောက်ရဲ့မေတ္တာနဲ့ သူ့ကိုခက်ခက်ခဲခဲရွာပြင်မှာ ရှင်သန်အောင်ထားခဲ့ တာတွေကိုသိရတော့ …

"အမေ … "

"သမီး … "

ညကြီး ထိုင်ခုံမှထပြီး သဥ္ဇာရစ်နွယ်ရှေ့ ဒူးထောက်ထိုင်ပြီး ရင်ခွင်ထဲခေါင်းဝင်ပြီး ဖက်ထားတယ်။

"အမေ … သမီးကို သိပ်တွေ့ချင်နေတာပါ သမီးရယ် ဘာတွေပြောင်းသွားလဲ မိခင်မေတ္တာက မပြောင်းပါဘူး"

"သမီးဘဝတစ်လျှောက်လုံး အမေ အဖေရဲ့ နွေးထွေးမှုမရခဲ့ ပါဘူး အမေရယ် … ခုအမေဆိုတာ သိလိုက်ရပေမယ့် ဘဝကမတူ တော့ဘူးလေ … အမေ့ရဲ့မေတ္တာကိုတော့ သမီးမြင်ပါတယ်"

ညကြီးက ငိုရှိုက်ရင်းပြောတော့တယ်။

"သမီးရယ်"

"အမေဆိုတာ သမီးသိရပြီဆိုတဲ့အရွယ်မှာ အစ်ဂုပ်ပဲမြင်ရ



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အုတ်ဂူထဲက အမေရဲ့ပုံကို အမျိုးမျိုးပုံဖော်ကြည့်မိတယ်၊ ဘယ်တော့မှ အမေ့မေတ္တာကို ရမှာမဟုတ်ဘူးလို့ထင်ထားခဲ့တာ"

"ဘာမှအားမငယ်နဲ့သမီး ... အမေ သမီးနားမှာရှိနေမယ်၊ ဘဝမတူပေမယ့် အမေ့မေတ္တာက ပျောက်မသွားဘူး၊ အမေနဲ့သမီး လုပ်စရာတွေရှိနေတယ်"

"ရှင်"

ညကြီးက သဥ္ဇာရစ်နွယ်ရဲ့ ရင်ခွင်ထဲကခေါင်းကိုအသာထုတ်ပြီး မျက်နှာကိုမော့ကာ ကြည့်လိုက်တယ်။

သဥ္ဇာရစ်နွယ်က မျက်ရည်တွေကြားကပြုံးရင်း ...

"အမေ့အုတ်ဂူကို ညနေရောက်ရင်သွားမယ်၊ မနက်ဖြန်မနက် လက်ပံဂွရွာကို အမေတို့သွားကြမယ်၊ ရွာကျောင်းမှာ အလှူလုပ်ပြီး မကျွတ်သေးတဲ့ သမီးအဖေကို အမေတို့အမျှဝေပေးရအောင်"

"အဖေ မကျွတ်သေးဘူးလားအမေ"

ညကြီးကမေးတော့ သဥ္ဇာရစ်နွယ်က ကြေကွဲစွာနဲ့ ...

"သူများအသက်ကိုသတ်ပြီး အမေတို့သားအမိကို ရှာဖွေကျွေးခဲ့တဲ့ သမီးအဖေ မုဆိုးကြီး ... လက်ပံဂွရွာထိပ်နားက လက်ပံပင်ကြီးမှာ တစ္ဆေကြီးဘဝနဲ့ ဒီနေ့ထိရှိနေပါတယ် သမီးရယ်"

သဥ္ဇာရစ်နွယ်ကပြောရင်း ရှိုက်ကြီးတငင်ငင် ငိုကြွေးတော့ ညကြီးက သဥ္ဇာရစ်နွယ်ကိုဖက်ရင်း ငိုတော့တယ် ... ။



www.burmeseclassic.com

www.burmeseclassic.com

သားအမိနှစ်ယောက် တစ္ဆေကြီးဆီသွားပြီး
ဘာသွားလုပ်ကြလဲ ?

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)
## ကံကြွေးဆပ်သူ

သဏ္ဍာရစ်နွယ်က ညကြီးထက် အသက်ငယ်ပေမယ့် ညကြီးကို သမီးတစ်ယောက်လို ဆက်ဆံသလို ညကြီးကလည်း မိခင်တစ်ယောက်လို ဆက်ဆံတယ်။

ညနေပိုင်း မစံပယ် အုတ်ဂူရှိတဲ့ လမုန်းသင်္ချိုင်းကို သဏ္ဍာရစ်နွယ်က ညကြီးနဲ့အတူသွားတယ်။ အိမ်ပြန်လာတော့ သဏ္ဍာရစ်နွယ်က မစံပယ်အခန်းမှာ အိပ်ချင်တယ်ပြောတော့ ...

"အမေသေပြီးတည်းက အဲဒီအခန်းကပိတ်ထားတာ ... သန့်ရှင်းရေးတော့ တစ်ပတ်တစ်ခါလုပ်ပါတယ်၊ တခြားအခန်းမှာ အိပ်ပါလား"

"ဘာလို့လဲ ညကြီး ... "

"ဒီည အမေသေခဲ့တဲ့ညလေ၊ အဖေက အမေ့ကိုဟာခေါ်



www.burmeseclassic.com

www.burmeseclassic.com



သလို လာခေါ်နေဦးမယ်"

ညကြီးစကားကြောင့် သဋ္ဌာရစ်နွယ်က ပြုံးတယ်။

ပြီးတော့ ...

"သမီးအဖေ အမေ့ကိုလာခေါ်မှာ မဟုတ်တော့ဘူး သမီးရဲ့"

"ဟင် ... ဘာလို့လဲ"

"ဝိညာဉ်လောကမှာ ထူးခြားတာတွေရှိတယ်၊ အမေတို့သား အမိ သူ့ဆီလာမှာကို သူသိမှာပါ"

"ဩော် ... "

ညကြီး သဘောပေါက်သွားတယ်။ အတိတ်ဘဝကို ယခု ရောက်နေတဲ့ဘဝထိ ခံစားမှုကိုပါထပ်တူယူလာတဲ့ ဘဝဟောင်းက မိခင်ဖြစ်သူလေးရဲ့ မေတ္တာတွေကို ညကြီးကျေနပ်မိနေတယ်။

သူ့အဖိုးကတော့ ...

မှတ်ချက်စကားတစ်ခွန်းပြောတယ်။

"သံသရာဟာ ကြောက်ဖို့ကောင်းတယ်၊ ဘဝတွေကလည်း အများကြီးမလား ... အတိတ်က မိခင်ဖြစ်ခဲ့ပြီး အခုဘဝမှာ မိခင် မေတ္တာကိုယူလာနိုင်တာ အံ့ဩစရာပဲတဲ့"

ဘယ်လိုပဲဖြစ်ဖြစ် ညကြီးကျေနပ်ပါတယ်။ သဋ္ဌာရစ်နွယ်တစ် ယောက် သူ့မိခင်တစ်ယောက်လို ဘယ်အချိန်ထိ မေတ္တာတွေကိုထား ပေးမှာလဲလို့ တွေးပူမိတယ်။

"သမီး အဖေ အခုလိုဘဝကြီးကနေ ကောင်းမွန်တဲ့ဘဝတစ်ခု ကိုပြောင်းသွားရင်တောင် အမေရဲ့မေတ္တာတွေ မပြောင်းသွားပါဘူး



www.burmeseclassic.com

www.burmeseclassic.com


ဒါပေမယ့် အမေ့လက်ရှိဘဝမှာ ထားရမယ့်သစ္စာတရားကိုပဲ တန်ဖိုးထားတယ်၊ မစင်ကြယ်သေးတဲ့ ကံကြွေးတွေကို အမေဆပ်မှာပါ''

သဥ္စာရစ်နွယ် ပြောတာကို ညကြီး နားမလည်ပါ။

သို့သော် ...

အမေ့မျက်ဝန်းထဲမှာ အဖေ့ပေါ်ထားတဲ့ မေတ္တာတွေရှိနေတယ်ဆိုတာ သူသိတယ်လေ ... ။


www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

လက်ပံငွရှာလေးကို သူတို့နှစ်ယောက်ရောက်တော့ ရှာထိပ် လက်ပံပင်အောက် မြေကြီးတစ်နေရာကို သဉ္ဇာရစ်နွယ်က ပြရင်း–

"သမီးအဖေကို ဒီနေရာမှာ အမေကိုယ်တိုင် မြေကျင်းတူးပြီး သင်္ဂြိုဟ်ခဲ့တာ"

ညကြီးက ဖခင်မြေပုံနေရာလေးကို ထိုင်ကန်တော့တယ်။ သဉ္ဇာ ရစ်နွယ်က ...

"မောင် ... မောင့်ဆီကို စံပယ်တို့သားအမိလာတယ်နော်၊ မောင် ဒီဘဝကြီးနဲ့စံပယ်တို့ကို စောင့်မနေပါနဲ့တော့ စံပယ် မောင့်အတွက် ကောင်းမှုကုသိုလ်လုပ်တဲ့အခါ သာဓုခေါ်ပါ မောင်ဘဝသစ် တစ်ခုရောက်တဲ့အခါ စံပယ်တို့ ပြန်ဆုံကြတာပေါ့"

မျက်ရည်လေးဝေ့ပြီးပြောတော့ ...

"ရှဲ ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



လက်ပံပင်ကြီးက လေမတိုက်ပါဘဲ လှုပ်ရမ်းသွားတယ်။ ညကြီးက ...

"အမေ ... အဖေ ဒီအပင်ကြီးမှာတကယ်ရှိတာပေါ့နော်"

"လာ ... သမီး ရွာထဲသွားမယ်၊ ဒေါ်မြအေးတို့သားအမိကို ခေါ်ပြီး ရွာဘုန်းကြီးကျောင်းမှာ သမီးအဖေအတွက် အလှူလှူကြမယ်"

"မောင် ... စံပယ် အမျှဝေရင် သာဓုခေါ်နော်"

"ရှဲ ... "

သဇ္ဈာရစ်နွယ်ပြောတာကို နားလည်တာလားတော့မသိ။ တစ္ဆေကြီးနေတဲ့ လက်ပံပင်ကြီးက လှုပ်ရမ်းသွားပြန်တယ်။

သဇ္ဈာရစ်နွယ်က ချုံတွေပေါက်နေတဲ့ သူတို့နေခဲ့တဲ့တဲအိမ်နေရာဟောင်းလေးရယ်၊ ပြိုပျက်နေတဲ့ ဇရပ်အိုကြီးရယ်ကို စိတ်မကောင်းစွာကြည့်ပြီး ညကြီးနှင့်အတူ ရွာထဲဝင်လာတယ်။

သူတို့နှစ်ယောက်ကိုမြင်တဲ့ ရွာသားတစ်ချို့က ...

"ဟာ ... အဆိုတော် သဇ္ဈာရစ်နွယ်တို့ပါလား၊ ရွာဘာလာလုပ်တာလည်းမသိဘူး"

အချင်းချင်းပြောကြရင်း ... တစ်ယောက်စကားမှတစ်ဆင့် တစ်ရွာလုံးကြားကာ သူတို့နောက်က လိုက်ကြည့်ကြတယ်။ သဇ္ဈာရစ်နွယ်က သူ မစံပယ်ဘဝမှာ ကိုမင်းဒင်နဲ့နေခဲ့တဲ့ ခြံရှေ့ရောက်တော့ ...

"ဒီခြံက အမေတို့နေခဲ့တာလေ ... "



www.burmeseclassic.com

www.burmeseclassic.com



ညကြီးကိုပြတယ်။ အိမ်ကတော့ မရှိတော့ဘူး။ ခြံလေးကတော့ အရင်အတိုင်းပါပဲ။ ဒေါ်မြအေးတို့ခြံထဲ သဥ္ဇာရစ်နွယ်က တန်းဝင်လာပြီး အိမ်ရှေ့မှာ ဆန်ပြာနေတဲ့ အသက်ခုနစ်ဆယ်ကျော်အရွယ် အဖွားအိုအား ...

"အဒေါ် ... ကျွန်မကိုသိလား"

"ဘယ်သူလဲ"

အဖွားအိုက ဇကောလေးကိုဘေးချပြီး မတ်တတ်ရပ်ကာ သဥ္ဇာရစ်နွယ်ကို သေချာကြည့်တယ်။

"အဖွားက မျက်စိမကောင်းတော့ မမှတ်မိဘူး၊ အဖွားအိမ်ကိုလည်း အခုလို သားသားနားနားနဲ့ အရမ်းလှတဲ့မိန်းကလေးတွေ မလာဖူးဘူး"

အဖွားအိုက ပွင့်ပွင့်လင်းလင်းပြောတော့ သဥ္ဇာရစ်နွယ်ကပြုံးပြီး ...

"အဒေါ် မမှတ်မိတာပါ၊ ကျွန်မ အရင်ကဟိုခြံမှာနေတာလေ"

"ဟင် ... အဲ ... အဲဒါ စံပယ်တို့ခြံပါ"

"ဟုတ်တယ် ... ကျွန်မ စံပယ်ပါ အဒေါ်မြအေး ... "

"ဟေ"

အဖွားအိုရဲ့မျက်မှာမှာ မယုံနိုင်ခြင်း၊ အံ့သြခြင်းတွေနဲ့ သဥ္ဇာရစ်နွယ်ကိုကြည့်ပြီး စကားတောင်မပြောနိုင်တော့။

ခြံအပြင်မှာလဲ ရွာသားတွေက အဆိုတော်သဥ္ဇာရစ်နွယ် အဒေါ်မြအေးဆီ ဘာလာလုပ်တာလဲဆိုပြီး အုပ်လိုက်ကြည့်နေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာ ...

လူလတ်ပိုင်းအရွယ်ရောက်နေပြီဖြစ်တဲ့ ကိုဖြိုးဦး။ သူ့အိမ်ကို ဧည့်သည်ရောက်နေတယ်ဆိုတာကိုကြားရလို့ အိမ်ပြန်လာတယ်။

ကိုဖြိုးဦးကိုမြင်တဲ့ သဥ္ဇာရစ်နွယ်က ...

"မောင်လေး ... မင်းကငယ်ရုပ်မပျောက်သေးဘဲကိုး၊ အစ်မကိုသိလား"

သူ့ထက်အသက်များစွာငယ်တဲ့ မိန်းကလေးက သူ့ကို မောင်လေးလို့ တရင်းတနှီးခေါ်ပြီးမေးတော့ ဖြိုးဦး အံ့အားသင့်သွားတယ်။

"ဟို ... ဟို ... ဒီက ... "

"ဩော် ... မောင်ဖြိုးဦး အစ်မကိုမမှတ်မိဘူးမလား။ အစ်မ မစံပယ်လေ၊ ကိုမင်းဒင်မိန်းမ မစံပယ်"

BURMESE CLASSIC

"ဗျာ"

ကိုဖြိုးဦး ပါးစပ်အဟောင်းသား ဖြစ်သွားတယ်။ အဖွားဒေါ်မြအေးက ...

"လာ ... အိမ်ပေါ်တက်ကြပါကွယ် ... "

ခေါ်တော့ သဥ္ဇာရစ်နွယ်နဲ့ ညကြီးတို့အိမ်ပေါ်တက်လာတယ်။ အိမ်ပေါ်ရောက်တော့ ထိုင်ကြရင်း သဥ္ဇာရစ်နွယ်က ညကြီးကိုလက်ညှိုးထိုးပြီး ...

"အဒေါ်နဲ့မောင်လေးတို့ ထိန်းခဲ့တဲ့ ပုခက်ထဲက ကောင်မလေးက သူပေါ့"

"ဗျာ ... သူက ... "



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြိုးဦးဘယ်လိုမှနားမလည်တော့။ ညကြီးကဝင်၍ အကြောင်းစုံကို အေးအေးဆေးဆေးရှင်းပြမှ အဖွားဒေါ်မြအေးနဲ့ကိုဖြိုးဦးတို့ သဘောပေါက်သွားတယ်။

"စံပယ် ... ဝမ်းသာလိုက်တာ၊ ငါနင်သေပြီကြားတော့ ငိုလိုက်ရတာ၊ ဖြိုးဦးကဆို သုံးရက်လောက်ထမင်းမစားဘူး၊ နင့်သမီးလေး ဒီအရွယ်တောင်ရောက်နေပြီ လှလိုက်တာဟယ် ...

ငါတို့သားအမိ နင်တို့ခြံလေးကိုအမြဲရှင်းပေးထားတယ်၊ အိမ်ကတော့ နှစ်တွေကြာပြီဆိုတော့ ပြိုတာပေါ့ ... "

အဖွားဒေါ်မြအေးက မစံပယ်အဖြစ်နှင့်သာ သဥ္စာရစ်နွယ်အား အားရပါးရပြောတော့ ကိုဖြိုးဦးက အားနာနာနဲ့ ...

"အမေ သတိထားဦး၊ အစ်မကဆုံးပြီ၊ သူက အစ်မဝင်စားပြီး ဘဝဟောင်းကိုမှတ်မိတာ၊ အစ်မ မဟုတ်ဘူး မိန်းကလေး ငယ်ငယ်လေး ... "

"ဘယ်လိုပဲဖြစ်ဖြစ် ငါအရမ်းဝမ်းသာတယ်စံပယ်၊ ငါ့ဘဝမှာ လူတစ်ယောက်တည်းကို ခန္ဓာကိုယ်နှစ်ကိုယ်နဲ့တွေ့ရပေမယ့် စံပယ်ကို တွေ့ရသလိုပဲ ခံစားရတယ်"

အဖွားဒေါ်မြအေးက သဥ္စာရစ်နွယ်လက်ကိုဆုပ်ရင်း အားရပါးရ ပြောတယ်။ ကိုဖြိုးဦးက ...

"အမေက မစံပယ် သံယောဇဉ်ကြီးလွန်းလို့ပြောတာ စိတ်မရှိပါနဲ့ ... "

တောင်းပန်တယ်။ သဥ္စာရစ်နွယ်က ...



www.burmeseclassic.com

www.burmeseclassic.com



"ရတယ်မောင်လေး၊ အစ်မက မစံပယ်ပါပဲ ... မစံပယ်ရဲ့ ဘဝတွေကို အကုန်မှတ်မိသလို မစံပယ်ဘဝကအတိုင်း ခံစားရပါတယ်၊ အခုဒီကိုလာတာ မကျွတ်မလွတ်သေးတဲ့ အစ်မယောကျ်ားအတွက် အလှူလုပ်ဖို့ အဒေါ်နဲ့မောင်လေးကို လာခေါ်တာပါ"

"ကောင်းတယ် စံပယ် ... မင်းဒင် အခုထိမကျွတ်သေးတာ ငါသိတယ်၊ ဘာလို့လဲဆိုတော့ သူကနင့်ကို တစ္ဆေဘဝနဲ့စောင့်နေတာ နင်သေပြီး လူဘဝရောက်တော့ နောက်တစ်ခါ သေရင်သူနဲ့တွေ့မှာပဲလို့ထင်ပြီး စောင့်နေတာနေမှာ"

အဖွား ဒေါ်မြအေးက သူ့အတွေးနဲ့သူပြောတော့ သဉ္ဇာရစ်နွယ်က ပြုံးပြီး ...

"ဟုတ်မှာပါ မောင်က စံပယ်ကိုသိပ်ချစ်တယ်လေ ... ဒါပေမဲ့ မောင်ဘဝသစ်တစ်ခုကိုရောက်စေဖို့ စံပယ် မောင့်အတွက် ကုသိုလ်လုပ်ပေးမှာပါ အဒေါ်နဲ့မောင်လေး ရွာကျောင်းလိုက်ခဲ့ပါ"

"ကောင်းတယ် ... လိုက်မယ် ... စံပယ်"

"ဟုတ်ကဲ့ ... အစ်မ"

ကိုဖြိုးဦးက မရဲတရဲနဲ့အစ်မလို့ခေါ်ကာ သူတို့အားလုံး ရွာကျောင်းကို ထွက်လာကြတယ်။ ရွာကလူမည်းကြီးကတော့ သူတို့နောက်ကလိုက်လျှက် ပါလာတော့တယ်။

☠☠☠



www.burmeseclassic.com

www.burmeseclassic.com

ဒီရွာထိပ်က အပင်ကြီးမှာ တစ်နေ့ကျုပ်ဆီကို ကျုပ်မိန်းမက ရောက်လာမယ်လို့ထင်ပြီး စောင့်ခဲ့တာ နှစ်ပေါင်းမနည်းတော့ပါဘူး။

ဘယ်ကအမွေဝေသံကြားကြား ကျုပ်သာခုမခေါ်ခဲ့ဘူး။ ဘာလို့ သဲဆိုတော့ ဘဝတစ်ခုကို ကျုပ်ပြောင်းသွားရင် ကျုပ်ဆီကို ကျုပ် မိန်းမ ပြန်လာရင် တွေ့တော့မှာမဟုတ်ဘူးလေ။

ဒါကြောင့်လည်း ပြိတ္တာတစ္ဆေ ဘဝကြီးနဲ့ ကျုပ်မိန်းမကိုစောင့်ခဲ့ တယ် ...

ဒီလိုနဲ့ ...

ကျုပ်မိန်းမနဲ့ သမီး ကျုပ်ဆီကိုရောက်လာတယ်။ ကျုပ်ပျော် သိုက်တာ ဒါပေမဲ့ ... အတူနေခွင့်မရတဲ့ဘဝတွေ ဖြစ်နေဆဲပါပဲ။

ကျုပ်ကိုလည်း ဘဝသစ်တစ်ခုရစေဖို့ ကုသိုလ်ပြုပြီးအမျှဝေပေး ခဲ့ယ်တဲ့လေ။

ကျုပ်မျှော်လင့်ချက်တွေ သွားပြီပေါ့။

---

ရိုရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အရမ်းကို ကြေကွဲရတယ်။ ဒါကြောင့်လည်း ... ကျုပ်နေတဲ့အပင်ကြီးကို နှစ်ခါတိတိ ဆွဲရမ်းပစ်လိုက်တယ်။ ကျုပ်ပါးပေါ် မျက်ရည်တွေလည်းကျလို့ ...

ပြိတ္တာဘဝဆိုတာ ကြေကွဲစရာတွေ ပြည့်နေတယ်ဆိုတာ ကိုယ်တိုင်သိရပြီလေ။

ဘာတွေဘယ်လိုတွေဆက်ခြားနေမလဲ။ ဒီဘဝကြီးနဲ့ကျုပ်ဆက်ပြီး ကျုပ်မိန်းမကိုဆက်စောင့်နေတာထက် သူနဲ့အနီးဆုံးမှာနေနိုင်ဖို့ ကျုပ်ကြိုးစားမယ် ...

"မောင် ... သာဓုခေါ်ဖို့ ဘုန်းကြီးကျောင်းကိုလာပါ စံပယ်မောင့်ကို အမျှပေးဝေပါ့မယ်"

လေသံနဲ့အတူဝေ့လာတဲ့ ကျုပ်မိန်းမရဲ့အသံ ကျုပ်နဲ့တိုက်ရိုက်သက်ဆိုင်နေတော့ ကျုပ်သွားရမယ် ...

ကျုပ် ... ထွက်လာတယ် ... ကျုပ်မိန်းမနဲ့သမီးက အမျှဝေနေပြီ။

"မောင်ရေ ... အခုပြုတဲ့ကုသိုလ်ကို ... အမျှ ... အမျှ အမျှ ယူပါ ... "

ကျုပ်အသားတွေ တဆတ်ဆတ်တုန်လာတယ်။ ဘဝသစ်တစ်ခုရောက်မှ ဆုံနိုင်ခွင့်ရအောင် ကျုပ်ကြိုးစားတော့မယ်တွေးပြီး ...

"သာဓု ... သာဓု ... သာဓု ... "

လေးနက်စွာကျုပ်ခေါ်လိုက်တော့တယ်လေ ...



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာ ...

ကျုပ်တစ်ကိုယ်လုံးလွင့်ပါးသွားတယ်။ ပြီးတော့ အသေးငယ်ဆုံး အမှုန်ကလေးတစ်ခုလိုဖြစ်သွားပြီး ကျုပ်မိန်းမရဲ့ခန္ဓာကိုယ်ထဲ တိုးဝင်လို့သွားတော့တယ်လေ ... ။

☠☠☠

"သဇ္ဈာ အိပ်မက်မက်တယ် ... ကို"

"လုပ်ပြန်ပြီ သဇ္ဈာရယ်၊ ဟိုတစ်ခါကလည်း လမုန်းမြို့ကို ကို မသိအောင်ထွက်သွားပြီးပြီ"

"သမီးနဲ့အတူ လက်ပံဂွရွာမှာ အလှူသွားလုပ်တာပါကိုရဲ့၊ ဇရပ်ကို အသစ်ပြန်ဆောက်ဖို့ရယ်၊ ဘုန်းကြီးကျောင်းဆောင်အသစ်ရယ်၊ ဖြိုးဦးကို ရဟန်းခံပေးတာရယ် သွားလုပ်ပေးတာပါ"

ကိုက သဇ္ဈာကို လက်ကာပြတယ်။

"တော်ပါတော့ သဇ္ဈာရယ် ... သဇ္ဈာဘဝဟောင်းက မစံပယ်တကယ်ဖြစ်သွားမှာစိုးတယ်"

"မဖြစ်တော့ပါဘူး ကို ... "

"ဘာလို့လဲ သဇ္ဈာ ... "

"သဇ္ဈာအိပ်မက်ထဲမှာ မောင်ကလေး သဇ္ဈာ့ဆီလာနေမယ်တဲ့"

"ဟင် ... ဘယ်လို"



www.burmeseclassic.com

www.burmeseclassic.com



ကိုက အံ့သြစွာကြည့်နေတယ်။ ပြီးတော့ ... ရုက်ရွံ့စွာနဲ့

"သဥ္စာမှာ ကိုယ်ဝန်ရှိနေပြီ"

"ဟင် ... တကယ်လား"

ကိုက အားရဝမ်းသာ သဥ္စာကိုဖက်ထားလိုက်တော့တယ်။

ဘယ်တော့မှ မခွဲဘူးဆိုတဲ့ ဘဝဟောင်းက သစ္စာတွေတည်ခဲ့တော့ အခုဘဝမှာလဲ သဥ္စာဆီရောက်လာတယ်လေ ... ။

ပြီးပါပြီ။

စာဖတ်သူရှင်ကို အမြဲထိရှမှုတွေပေးနေမယ့်

စာရေးတဲ့ ကျွန်မ

**မော်ဒကာရီ**

အမှတ်-၄၉၊ မုန်ရဝေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
*တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက်အကြံပြုသူများ*
*မျှော်လင့်လျက်*
ဖုန်း - ၀၁ ၄၀၁၃၆၄၊ ၀၉ ၇၃၁၁၃၉၀၉



www.burmeseclassic.com